# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၂၅)


# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း COVID-19 စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒီဂရီကောလိပ် အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း တွေ့ဆုံပြီး ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်ခြောက်မျိုးနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❖



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် လေ့လာသင်ကြားနေမှုကို ကြည့်ရှုစဉ်။

# ပျဉ်းမနား - တောင်တွင်းကြီး - ပျဉ်းမနား အမှတ်(၁၀၃)အဆန်၊ အမှတ်(၁၀၄) အစုန် RBE ရထား စတင်ပြေးဆွဲ

တောင်တွင်းကြီး မေ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသည် မိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



ပျဉ်းမနား-တောင်တွင်းကြီး အမှတ်(၁၀၃) အဆန် RBE ရထား တောင်တွင်းကြီးဘူတာသို့ ဆိုက်ရောက်စဉ်။

ယခုထပ်မံ၍ မေ ၁၅ ရက် နံနက် ၆ နာရီမှ စတင်ကာ ပျဉ်းမနားဘူတာမှ ပျဉ်းမနား-တောင်တွင်းကြီး အမှတ်(၁၀၃) အဆန် RBE ရထားကို တွဲနှစ်တွဲဖြင့် စတင်ပြေးဆွဲရာ တောင်တွင်းကြီးဘူတာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး ရထားစီးခရီးသည်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြကာ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် *စာမျက်နှာ ၅ ကော်လံ ၁* ✻

**ယနေ့ မာတိကာ**



**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ**

စာ » ၄

**မြန်မာပြည်တောင်ဘက်စွန်းက မော်ကင်း(ခေါ်) ဆလုံလူမျိုးတို့ ပျော်စံရာ**



သတင်းဆောင်းပါး စာ » ၂၂

မြန်မာ့အလင်း

# သတ္တိနှင့်ဗျတ္တိ ရှိသင့်သည့်နေရာ

ဆင်းရဲနွမ်းပါးမှုဟူသည် ဘဝအရည်အသွေးနိမ့်ကျမှုပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသော မိသားစုများတွင် စားဝတ်နေရေး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်စွမ်း နိမ့်ကျခြင်း၊ ပညာသင်ကြားမှုနှင့် ကျန်းမာရေးကုသမှုတို့ ပြုလုပ်ရန် ခက်ခဲခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် လူမှုဒုက္ခများကိုလည်း နေ့စဉ် ရင်ဆိုင်ကြရသည်။ ဆင်းရဲခြင်း၊ ပညာရည်နိမ့်ကျခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းတို့ ကရွတ်ကင်းလျှောက် သံသရာလည်သောအခါ ရုန်းထွက်ရန် ခက်ခဲလာသည်။ အဆိုးဆုံးမှာ ဆင်းရဲနွမ်းပါးခြင်းနှင့် နေသားကျသွားကာ ယင်းအခြေအနေမှ ရုန်းထွက်ရန် မကြိုးစားတော့ဘဲ ညို့၍နေသွားကြခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၄၈ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၄၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်တွင် လျှော့ချနိုင်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၃၂ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ အင်န်အယ်လ်ဒီ အစိုးရလက်ထက်တွင်မူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်ချက်များကို ပီပီပြင်ပြင် မတွေ့ရှိခဲ့ရဘဲ အစိုးရသက်တမ်းနောက်ဆုံးနှစ်ကာလတွင် ရွေးကောက်ပွဲအတွက် လုံးပန်းနေခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့လာခြင်းတို့ ကြုံတွေ့လာရခြင်းစသည့် အကြောင်းတရားတို့က နိုင်ငံ၏စီးပွားရေးကို ထိခိုက်ကျဆင်းစေပြီး အကျိုးဆက်အားဖြင့် ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း ကိန်းဂဏန်းတို့ကို မြင့်တက်လာစေလိမ့်မည်ဟု ခန့်မှန်းကြည့်နိုင်သည်။

နိုင်ငံတစ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ကိန်းဂဏန်းများ မြင့်တက်နေပြီဆိုလျှင် ယင်း၏အဓိကလက်သည်မှာ လူတို့ကြောင့်ပင်ဖြစ်သည်။ လူတို့ကြောင့်ဟုဆိုရာတွင် ယင်းနိုင်ငံကို ဦးဆောင်သည့် အစိုးရကြောင့်ရော ယင်းနိုင်ငံ၏ လူ့အဖွဲ့အစည်းများကြောင့်ပါ ပါဝင်သည်။ အစိုးရ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှု၊ မူဝါဒများ လွဲမှားမှုတို့ကြောင့် ဖြစ်နိုင်သလို လူ့အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုအားနည်းမှု၊ ရုန်းကန်လိုစိတ်မရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်ချို့တဲ့မှုတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် အဆိုပါ အကြောင်းတရားနှစ်ရပ်လုံးကြောင့်လည်း ဖြစ်နိုင်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်မှသာ နိုင်ငံလည်း ဆင်းရဲသည့် နိုင်ငံတစ်နိုင်ငံအဖြစ်မှ ထွက်နိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသရှိ အလုပ်လုပ်နိုင်သည့် အရွယ်ကောင်းများ လုံ့လဝီရိယဖြင့် အလုပ်လုပ်နေဖို့လိုသည်။ ကျေးလက်ရှိ ပညာသင်အရွယ်ကျောင်းသူ ကျောင်းသားများ ပညာကိုကောင်းစွာ သင်ယူနေဖို့လိုသည်။ ကျေးလက်ရှိပြည်သူများ အကြံဉာဏ်ဖြင့် မိမိကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ရင်း မိမိတို့၏ လူမှုဘဝများပါ မြင့်မားလာအောင် အားထုတ်နေဖို့လိုသည်။ ကျေးလက်နေပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် စိုက်ပျိုး၊ မွေးမြူ ကုန်ထုတ်လုပ်ငန်းများကို ကြီးပွားတိုးတက်အောင် စွမ်းဆောင်ကြဖို့လိုသည်။ မိမိတို့၏ လယ်ယာကုန်ထုတ်လုပ်မှုများ အရည်အသွေးနိမ့်ကျနေခြင်းတို့ကို မြင့်တက်လာအောင်၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်အောင် ပြုပြင်နိုင်ကြဖို့လိုသည်။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ပါတီစုံဒီမိုကရေစီဖြစ်သည့်အလျောက် နိုင်ငံရေးပါတီများစွာတို့က ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆများ၊ မူဝါဒများကို စွဲကိုင်၍ ကျေးလက်လူထုအတွင်း ထိုးဖောက်စည်းရုံးမှုများ ပြုကြမည်သာဖြစ်သည်။ ယင်းမှာ ဒီမိုကရေစီနိုင်ငံတစ်ခု၏ လက္ခဏာဖြစ်သော်လည်း နိုင်ငံပျက်စီးရေး၊ ရပ်ရွာအေးချမ်းသာယာမှုပျက်စီးရေး၊ တရားဥပဒေစိုးမိုးမှုပျက်စီးရေးတို့အတွက် သွေးထိုးမှု၊ လှုံ့ဆော်မှု၊ မြှောက်ပင့်မှု၊ ရန်တိုက်မှုတို့ကိုမူ ဆင်ခြင်တုံတရားဖြင့် စဉ်းစားကာ လက်မခံကြဖို့လိုသည်။ နားမယောင်ကြဖို့လိုသည်။ အာဏာနိုင်ငံရေးသမားတို့၏ အသုံးချခံမဖြစ်ရေး ရှောင်ရှားကြဖို့လိုသည်။ မိမိတို့၏ လက်ရုံးရည်၊ နှလုံးရည်စွမ်းအားတို့ကို မိမိတို့၏ မိသားစုများ ပြည့်စုံကြွယ်ဝရေး၊ ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးရေး၊ ဒေသတိုးတက်ကောင်းမွန်ရေးနှင့် နိုင်ငံတော်ကြီးအခွန့်ရှည်တည်တံ့ရေးတို့အတွက် အားကုန်ထုတ် ကြိုးပမ်းစွမ်းဆောင်မှုတွင် အသုံးပြုကြပါစေလိုကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"**

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ**

---

ပညာရေးဝန်ကြီးဌာန

"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

---

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

---

### နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မေ ၁၅

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလား ပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

---

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့ကအမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူ သူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ဆီစားသုံးမှု လျှော့ချရန်

ဆီထွက်သီးနှံသည်လည်း နိုင်ငံ၏ အဓိကပို့ကုန်များတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူတစ်ဦးနှုန်း ပျမ်းမျှဆီစားသုံးမှုသည် တစ်နှစ်လျှင် ၄ ဒသမ ၅ ပိဿာခန့်ရှိသဖြင့် စားသုံးမှုများပြားနေသေးကြောင်း၊ ပြည်တွင်း၌ စားသုံးဆီဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှဆီများ တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေများစွာ ကုန်ကျလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် ဒေသများတွင် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဆီအထွက်နှုန်းတိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးနှင့် ကိုက်ညီစေရန် ဆီစားသုံးမှု လျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပညာပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၃၀ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ အေးထွန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ *ရွှေဖုံးမှ*

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိပြီး နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ စာသင်ခန်းမအတွင်း COVID–19 စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ တက္ကသိုလ်ပြတိုက်၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကာ တက္ကသိုလ်အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနမှူးများနှင့်လည်းကောင်း၊ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ခေတ္တပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ခြောက်မျိုးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့တွင် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် COVID–19 ရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးကို ထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားရေး၊ နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်၍ ကြံ့ခိုင်အောင် တည်ဆောက်ရေးနှင့် အားကစားပြိုင်ပွဲများ မပြတ်ကျင်းပပြုလုပ်ပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို မှာကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၇၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆင်းပြီးပါက ပညာရေး(B.Ed)ဘွဲ့ ပေးအပ်၍ ပညာရေးဝန်ကြီးဌာနတွင် အထက်တန်းပြရာထူးဖြင့် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) နောက်ဆုံးနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၀၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆင်းပြီးပါက သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် A.G.T.I ဒီပလိုမာများ ပေးအပ်၍ ဝန်ကြီးဌာနအသီးသီးတွင် အကြီးတန်းစာရေး၊ အငယ်တန်းအင်ဂျင်နီယာ–၃ ရာထူးဖြင့် လည်းကောင်း စတင်တာဝန်ပေး ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ဖိုးနီကျွန်း (ဗိုလ်ရာညွန့်ကျွန်း)နှင့် ဘာလားကျွန်း (သံယုတ်ကျွန်း)ကို အမြန်ရေယာဉ်ဖြင့် လှည့်ပတ်ကြည့်ရှုပြီး (115) ကျွန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကျွန်းပေါ်တွင် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဟိုတယ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟိုတယ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အဆိုပါကျွန်းအနီးရှိ အောက်ချင်းငှက်များ နားခိုနေထိုင်ရာ ဖြူဖွေးနူးညံ့သည့် သဲသောင်ပြင်နှင့် ကျောက်စရစ်ကမ်းခြေ ဆက်စပ်တည်ရှိပြီး ကျွန်းပတ်လည်တွင် Snorkeling ပြုလုပ်နိုင်သော ရေအောက်သန္တာကျောက်တန်းများ ပေါ်ကြွယ်ဝသည့် ဟန်းနီးမွန်းကျွန်းပတ်လည်သို့ အမြန်ရေယာဉ်ဖြင့် လှည့်ပတ်ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လန်ပိ အဏ္ဏဝါ အမျိုးသားဥယျာဉ်နယ်မြေအတွင်းရှိ ဆလုံတိုင်းရင်းသားများနေထိုင်သော ဗိုလ်ချိုကျွန်း၊ မကြုံဂလက်ကျေးရွာရှိ အောင်ခေမာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံဆလုံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ **(အပေါ်ပုံ)** စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလုံးလက်ဖယ်ကျွန်းရှိ ပြည့်စုံထက်မြင့်ကုမ္ပဏီလီမိတက်၏ မုတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပုလဲမွေးမြူရေးနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းအပြင် ပုလဲမွေးမြူရေးလုပ်ငန်းသည်လည်း ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ပုလဲလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ငါးလုပ်ငန်းတို့ကို စနစ်တကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မြိတ်ကျွန်းစုသည် သာယာလှပသော ကျွန်းများနှင့် ကမ်းရိုးတန်းဒေသ၏ ဒေသတွင်း ဂေဟစနစ်ကောင်းမွန်မှုကြောင့် ဒီရေရောက်တောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်များနှင့် ရေသယံဇာတများ ပေါ်ကြွယ်ဝသည့်အတွက် အဏ္ဏဝါခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



**မန္တလေး မေ ၁၅**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်ဘူတာအနီးရှိ KM Terminal and Logistics Limited ၏ ကုန်းတွင်းဆိပ်ကမ်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကုမ္ပဏီ၏ Phase 2 လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် Phase 1 ရှိ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုကာ **(ယာပုံ)** လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ မန္တလေးမြို့ရှိ Pullman Mandalay Mingalar Hotel ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆုတ်ယုတ်ကျဆင်းခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ပြန်လည်တည့်မတ်ရေးအတွက် အစိုးရနှင့် လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ကာလတိုအတွင်း စီးပွားရေး ပြန်လည်ဦးမော့လာမည်ဖြစ်ပါကြောင်း။

လတ်တလောအနေအထားတွင် နိုင်ငံအတွင်းရှိသည့် လူထုအနေဖြင့် လှုံ့ဆော်မှုများကြောင့် ဘဏ်များအပေါ် ယုံကြည်မှုကျဆင်းကာ မိမိတို့အပ်နှံထားသည့် ငွေများကို ပြန်လည်ထုတ်ယူမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က လိုအပ်သည့် အစီအမံများ ချမှတ်ပြင်ဆင်လျက်ရှိသဖြင့် ဘဏ်များနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် စိတ်ပူပန်ရန်မလိုဘဲ ယခင်ကကဲ့သို့ပင် ယုံယုံကြည်ကြည်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုရရှိရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများ ရှိနေသော်လည်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ စီးပွားရေးနှင့်ပတ်သက်သည့် အလားအလာကောင်းများ ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရန် လိုအပ်သည့် အချက်များနှင့် အကြံပြုချက်များ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ လေ့ကျင့်သင်ကြားရေးနှင့် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**
ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေသည် အဖွဲ့ဝင် ဦးဆန်းမြင့်နှင့်အတူ မေ ၁၃ ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလမှစ၍ ရပ်နားထားခဲ့ရသော နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးဆိုင်ရာ သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းသား အိပ်ဆောင်များ၊ စာသင်ခန်းမများ၊ စားရိပ်သာများနှင့် သင်တန်းအုပ်ချုပ်မှုဆိုင်ရာရုံး၊ အဆောက်အအုံများအား Coronavirus Disease 2019 COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားရှိမှု၊ သင်တန်းသားများ ကျန်းမာရေးနှင့်အညီ သွားလာနေထိုင်စားသောက်ရေး ပြင်ဆင်ထားရှိမှု၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လိုအပ်သည်များ မှာကြားသည်။

**ဆွေးနွေးမှာကြား**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် မေ ၁၄ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားစေရေး လေ့ကျင့်သင်တန်းပေးရာတွင် တက္ကသိုလ်မှ ပုံမှန်သင်ကြားပို့ချပေးလျက်ရှိသော သင်ခန်းစာများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပညာရပ်များ အလေးထားသင်ကြားပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စည်းကမ်းလိုက်နာပြီး ပြည်သူလူထုအပေါ် ကောင်းမွန်သော ဝန်ဆောင်မှုပေးရမည်ဆိုသည့် အသိစိတ်ဓာတ်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ အဖွဲ့အစည်းဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အထက်အောက် အပြန်အလှန် လေးစားမှုစိတ်ဓာတ်များ တိုးမြင့်လာစေရေး အလေးထား သင်ကြားပေးရန်ကိစ္စ၊ သင်ကြားပို့ချမည့် ဘာသာရပ်များ၊ သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီဖြစ်စေရေး၊ နီးနွယ်သည့် ပညာရပ်ဆိုင်ရာ တက္ကသိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြင်ဆင်ရေးကိစ္စရပ်များ၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာ မြင့်တက်လာစေရေးအတွက် အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ရေးကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။



**လေ့ကျင့်သင်ကြားပေးမည်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဇွန် ၇ ရက်မှစ၍ အရာထမ်းအခြေခံ (အထူး) သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စာရေးဝန်ထမ်း အခြေခံသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်းနှင့် အရာထမ်းအခြေခံသင်တန်းတို့ကိုလည်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တစ်ခုတည်းတွင် စုစည်း၍သတ်မှတ်ကာလအလိုက် ဆက်လက်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် မေ ၁၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။ **(ဝဲပုံ)**

ဥတ္တရသီရိမြို့နယ်အတွင်း၌ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်ကျောင်း စုစုပေါင်း ၅၅ ကျောင်းရှိပြီး ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၁၁ ရက်က စတင်ဆောင်ရွက်ကြောင်း သိရသည်။

ထို့နောက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူးက တွေ့ဆုံ၍ အခြေခံ ပညာကျောင်းများကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်လက်ခံသွားမည့် အခြေအနေများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မောင်မွေး**

# ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားဘောလုံးအသင်း(U-21)အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တွေ့ဆုံပွဲကျင်းပ

**ပင်းတယ မေ ၁၅**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားအဆင့် ဘောလုံးအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားဘောလုံးအသင်း (U-21)အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။




**ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်**

အခမ်းအနားတွင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် သန့်ရှင်းစွာ ယှဉ်ပြိုင်၍ ဒေသဂုဏ်သိက္ခာ မြှင့်တင်ရန် မှာကြားခဲ့ပြီး ဘောလုံးအသင်း (U-21) အား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်သည်။ **(ယာပုံ)**

မေ ၁၆ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်မည့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား အမျိုးသားအဆင့်ဘောလုံး အားကစားပြိုင်ပွဲသို့ နည်းပြသုံးဦးခေါင်းဆောင်၍ ပင်းတယနှင့် ရွာငံမြို့နယ်တို့မှ ဒေသခံအားကစားသမား ၁၈ ဦးတို့က သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၄ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် အသိပညာပေးဆွေးနွေးခြင်းကို ညောင်အိုင်ကျေးရွာနှင့် ကျန်တောကျေးရွာများရှိ ဘုန်းကြီးကျောင်းများတွင် ကျင်းပရာ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုး၊ မြေ၊ ရေ နည်းပညာဆိုင်ရာများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ မျိုး၊ အစာအာဟာရ နည်းပညာ၊ လောင်မွေးနည်းစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(GAP)ဆိုင်ရာများနှင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိမိတို့စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်/လယ်/မူ) ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အ.ထ.က ရွာငံ ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံပွဲတွင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများနှင့် ကာကွယ်ဆေးထိုးနှံမှုများ၊ ကျောင်းများတွင် ငွေကြေးကောက်ခံမှု မရှိဘဲ ဆောင်ရွက်ထားရှိမှု၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်း၍လုံခြုံရေးကိစ္စများ ဆောင်ရွက်ထားရှိမှုများ၊ ပညာရေးကဏ္ဍနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော အခြေခံပညာကျောင်း ကျောင်းအုပ်ကြီးများက ကလေးများနှင့် ဆရာ ဆရာမများ၏ လုံခြုံရေး၊ စာကြည့် တိုက်၊ သောက်သုံးရေ၊ အားကစားကွင်း စသည့် ကျောင်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ရွာငံမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏ အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများ အားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲဖြင့် “ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ (၃) ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံ ထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်” ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှုအစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့) မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

(က) **အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့် နေရာ**

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂၊ ၀၁-၃၇၉၃၅၁

(ခ) **ဝန်ဆောင်မှုပေးမည့်လုပ်ငန်းများ**

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ် ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှုလက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါစာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငွေသား ပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ (၇၆) ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှု စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

မတရားအသင်း ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုတို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*** ရှေ့ဖုံးမှ**

လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါရထားသည် အမှတ် (၁၀၄) အစုန်ရထားအဖြစ် တောင်တွင်းကြီးမှ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ ပျဉ်းမနားဘူတာသို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**၀၈၅**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၅**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းနိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်ရာ နိုင်ငံသားတိုင်း သိရှိလိုက်နာရမည့် ဥပဒေဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် အခန်း (၈) ၌ ပါရှိသည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန်အလို့ငှာ ထုတ်နုတ်ဖော်ပြအပ်ပါသည်။ စာတည်းအဖွဲ့

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် အခန်း(၈)

# နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ

၃၄၅။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

( ခ ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။

၃၄၆။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃၄၇။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၃၄၈။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

၃၄၉။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည် –

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊

( ခ ) အလုပ်လုပ်ကိုင်မှု၊

( ဂ ) ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊

( င ) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

( စ ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု။

၃၅၀။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်။

၃၅၁။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။

၃၅၂။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ် တာဝန်ပေးရာတွင် ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

၃၅၃။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲ ဆောင်ရွက်ခွင့်ရှိသည် –

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

( ခ ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

( ဂ ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၃၅၅။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၃၅၆။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၃၅၇။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၃၅၈။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။

၃၅၉။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်ကဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၃၆၀။ (က) ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာ ဆောင်ရွက်မှုတစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာသာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ၊

( ခ ) ထိုသို့ ဘာသာသာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၃၆၁။ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၃၆၂။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၃၆၃။ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၃၆၄။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၃၆၅။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့ပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကို ဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၃၆၆။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ –

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

( ခ ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

( ဂ ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီ တိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၃၆၇။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

၃၆၈။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှု မထားရှိဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၃၆၉။ (က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

( ခ ) သက်ဆိုင်ရာ မဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၃၇၀။ နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၃၇၁။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၇၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၇၃။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့် အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၃၇၄။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ် လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှား စီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ် လွှတ်သည့်စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကိုအသစ်တစ်ဖန်ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၇၅။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၇၆။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

*စာမျက်နှာ ၇ သို့*

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၁၅

**နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရာနှုန်းပြည့် အစုရှယ်ယာရှင်ဖြစ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာ မောင်မောင်နိုင်က ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာကျွမ်းကျင်မှုများဖြင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာအားဖတ်ကြားတင်ပြသည်။

ထို့နောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို ကြေညာအတည်ပြုခဲ့ပြီး (Win Thin & Associates Certified Public Accountants)မှ Senior Manager ဒေါ်ခင်မျိုးအောင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားခြင်း၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များကို ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးထွန်းက တင်ပြအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် Win Thin & Associates Certified Public Accountants အဖွဲ့တို့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

---

## မိုးကြိုကာလနှင့် မုတ်သုံအဝင်ကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်းနှင့် အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်နေစဉ်ကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့် လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်းနှင့် အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်နေစဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

*စာမျက်နှာ ၆ မှ*

၂၇၇။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိရမည်။

၂၇၈။ (က) ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော် အမိန့်တစ်ရပ်ရပ် ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည် -

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊
(၂) အာဏာပေးစာချွန်တော်အမိန့်၊
(၃) တားမြစ်စေစာချွန်တော်အမိန့်၊
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊
(၅) အမှုခေါ်စာချွန်တော်အမိန့်။

( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာကို မထိခိုက်စေရ။

၂၇၉။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး ပုဒ်မ ၂၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ-

(က) စစ်မက်ဖြစ်ပွားချိန်၊
( ခ ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
( ဂ ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၂၈၀။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၂၈၁။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသောရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ-

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
( ခ ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
( ဂ ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၂၈၂။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုရမည်။

၂၈၃။ နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည် -

(က) ပြည်ထောင်စု မပြိုကွဲရေး၊
( ခ ) တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊
( ဂ ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

၂၈၄။ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိသည်။

၂၈၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၂၈၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၂၈၇။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၈၈။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၂၈၉။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

၂၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည် -

(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
( ခ ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
( ဂ ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊
(ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဓမ္မာနန္ဒ၏ သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပန အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဦးအောင်သိန်းဝင်းတို့သည် မေ ၁၄ ရက် နံနက် ၉ နာရီခန့်၌ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဓမ္မာနန္ဒ၏ သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပန အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မေ ၁၀ ရက် တနင်္လာနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပန အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ငွေကျပ် ၄၅ သိန်း ကျပ်တို့ကို ကောင်စီဥက္ကဋ္ဌနှင့် မြို့တော်ဝန်တို့က လှူဒါန်းရာ (ယာပုံ) သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပန ဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးခင်ဝင်းက လက်ခံရယူပေးသည်။



ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သာစုကီဋ္ဌန အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တိမအဂ္ဂိစျာပနအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဩဝါဒခံယူပြီး စျာပနအခမ်းအနား အဆင်ပြေအောင်မြင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

## ရန်ကုန်မြို့ ခရီးသွားဝန်ဆောင်မှု အဓိကမဏ္ဍိုင်ဖြစ်သော YRTA ကို YPTC အဖြစ် ပြောင်းလဲဖွဲ့စည်း

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ YBS အပါအဝင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်ကိုင်တွယ်သော ယခင် YRTA (Yangon Region Tran-sport Authority) ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကို ယခုအခါ YPTC (Yangon Region Privately Transport Committee) ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ ဟု ပြောင်းလဲဖွဲ့စည်းလိုက်ပြီဖြစ်သည်။




ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YPTC)ရုံးချုပ်ကို တွေ့ရစဉ်။

ဓာတ်ပုံ- မင်းထက်

**မြို့ပြသယ်ယူပို့ဆောင်ရေး**

“ဒီ YPTC နဲ့ ပတ်သက်လို့ ယခင် YRTA ကို စတင်ပြောင်းလဲဖွဲ့စည်းခဲ့တာက ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်ကပါ။ ပြောင်းလဲဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ကတော့ ဒီရန်ကုန်မှာ ဝန်ဆောင်မှုကောင်းတဲ့ YBS စနစ်ပေါ်ပေါက်ရေး၊ ဘေးကင်းလုံခြုံပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ဖော်ဆောင်ရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးမှာ ITS လို့ခေါ်တဲ့ (Intelligent Tran-sporation System)ကို ပိုမိုအသုံးပြုရေး၊ Smart Mobitily နဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး ကောင်းမွန်လာပြီး အဲဒီကတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အခြေပြုလူမှုရေး၊ စီးပွားရေးအပါအဝင် စတဲ့အချက်တွေပေါ် အခြေခံပြီး နိုင်ငံတော်တိုးတက်မှုကို ဖော်ဆောင်နိုင်ဖို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YPTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ယခု ပြန်လည်ဖွဲ့စည်းလိုက်သော ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YPTC)ကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ လမ်းညွှန်မှုဖြင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ဝင်းတင့်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဦးချစ်ကိုကိုက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင်ကိုးဦးဖြင့် ပြန်လည်ဖွဲ့စည်းထားကြောင်း သိရသည်။

**နေ့စဉ်ခရီးသည်လိုက်ပါစီးနင်းမှု**

ရန်ကုန်မြို့၌ ပြီးခဲ့သောဧပြီလအတွင်း ခရီးသွားလာမှုအခြေအနေမှာ YBS ခရီးသည်တင်ယာဉ်အစီး ၁၄၇၀ ခန့်ထွက်ရှိပြီး ခရီးသည် နှစ်သိန်းကျော် နေ့စဉ်စီးနင်းခဲ့သည်။ ယခုအခါ ရန်ကုန်မြို့၌ လုပ်ငန်းခွင်အသီးသီး ပြန်လည်လည်ပတ်လာမှုကြောင့် ခရီးသွားလာမှု ပိုမိုများပြားလာရာ ယခု မေ ၁၂ ရက်တွင် YBS ယာဉ်လိုင်း ၉၇ လိုင်းမှ ယာဉ်အစီးရေ ၂၅၄၉ စီး တိုးချဲ့ပြေးဆွဲလာရာ နေ့စဉ် ခရီးသည်လိုက်ပါစီးနင်းမှုမှာ ယခင် နှစ်သိန်းကျော်မှ နှစ်ဆတိုးကာ လေးသိန်းကျော်အထိ များပြားလာကြောင်း သိရသည်။ ဧပြီလနှင့် နှိုင်းယှဉ်ပါက နေ့စဉ် ခရီးသည်လိုက်ပါစီးနင်းမှုမှာ ယခု မေလဆန်းပိုင်းတွင် နှစ်ဆခန့် တိုးတက်လာသည်။

**အဆင်ပြေစွာ ပြေးဆွဲပေးနိုင်ရေး**

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YPTC) အနေဖြင့် ရန်ကုန်မြို့အတွင်း ခရီးသွားပြည်သူများ၏ လိုအပ်မှုနှင့်အညီ ဝန်ဆောင်မှုပိုမိုကောင်းမွန်ရေး ကြိုးပမ်းလျက်ရှိပြီး အများပြည်သူခရီးသွားလာမှုအဆင်ပြေရန်အတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြီးခဲ့သော မေ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့သော တက္ကသိုလ်အသီးသီး ယာဉ်လိုင်းများကိုလည်း ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ သွားလာမှုအဆင်ပြေစေရန် ယာဉ်လိုင်းအသီးသီး ပြေးဆွဲပေးလျက်ရှိပြီး လာမည့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများအတွက် ကျောင်းသားများ အဆင်ပြေစွာ ပြေးဆွဲပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရေးမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် မေ ၁၅**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၁၄ ရက်က ရေးမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**




ရေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရေးမြို့နယ် နှစ်ကရင်ကျေးရွာတွင် Southern Myanmar Development Co.,Ltd မှ ဆောင်ရွက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်းနှင့် Energy & Power Sector စီမံကိန်းလုပ်ငန်းအား ကြည့်ရှုပြီး စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို Southern Myanmar Development Co.,Ltd မှ ဦးစိန်ဝမ်းက ရှင်းလင်းတင်ပြရာ တင်ပြမှုများအပေါ် လိုအပ်သည်များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၁၆ ဒသမ ၁၇၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော(စစ်တောင်း-သထုံ-မော်လမြိုင်- ရေး- မလွှဲတောင် အပိုင်း)(လမိုင်းအပိုင်း)ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာ AC ခင်းခြင်း လုပ်ငန်းအား ကြည့်ရှုပြီး ရေးမြို့နယ် ကျိုက်ဒေတမော့ဇရတ် ဦးစီး ပဓာန နာယက သာသနာပြုဆရာတော် ဘဒ္ဒန္တပုပ္ဖရမ္မ (ကိုရင်လေး ဆရာတော်)အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေးမြို့နယ် ခေါဇာ-ကျောက်အိုင်- တရုတ်ထောက် ၃ မိုင် ၄ ဖာလုံ ကတ္တရာလမ်းသစ်အား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ခေါဇာမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် ကျောင်းဆောင် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ချောင်းတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၁၀ ဒသမ ၂၁၈ ဖြင့် တည်ဆောက်လျက်ရှိသော ပေ၁၂၀ - ပေ ၃၀ R.C.C နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆောင်၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန် ဆန်တင်ပို့မှုများ ကြည့်ရှု

**ရန်ကုန် မေ ၁၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်သည် ယနေ့ ညနေ ၄ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းရုံး၌ ပြည်ပသို့ လယ်ယာထွက်ကုန်ဆန်တင်ပို့မှုနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၇) ဆူးလေဆိပ်ကမ်းတံတားသို့ သွားရောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်ဆန်များ MV.VTC Planet သင်္ဘောပေါ်သို့ တင်ဆောင်နေမှု အခြေအနေများကို ကြည့်ရှုသည်။ **(ယာပုံ)**





ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ပင်လယ်ရေကြောင်းမှ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မေ ၁၂ ရက်အထိ ဆန်နှင့်ဆန်ကွဲတန် ၁၃၀၆၃၀၀၊ ပြောင်း ၂၀၃၅၁၁၃ တန်၊ ပဲအမျိုးမျိုး ၁၁၁၂၉၆၃ တန်၊ နှမ်းအမျိုးမျိုး ၂၁၇၄၄၉ တန်၊ ရော်ဘာစိမ်း ၂၀၈၉၇၈ တန်နှင့် အခြားလယ်ယာကိုင်းကျွန်းထွက် ပစ္စည်းများ ၂၀၀၅၂၀၂ တန်၊ စုစုပေါင်း ၆၈၈၆၀၀၄ တန် တင်ပို့ခဲ့သည့်အနက် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလမှ မေ ၁၂ ရက်အထိ ဆန်နှင့် ဆန်ကွဲ ၄၀၅၄၁၆ တန်၊ ပြောင်း ၁၁၁၂၃၅၃ တန်၊ ပဲအမျိုးမျိုး ၅၁၆၃၅၈ တန်၊ နှမ်းအမျိုးမျိုး ၃၀၉၉၄ တန်၊ ရော်ဘာစိမ်း ၄၁၇၄၄ တန်နှင့် အခြား လယ်ယာကိုင်းကျွန်းထွက် ပစ္စည်းများ ၃၄၄၅၈၁၀ တန်၊ စုစုပေါင်း ၅၅၅၂၆၇၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ကုန်သွယ်လုပ်ငန်းရှင်များ၊ စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများနှင့် ပတ်သက်၍ အခက်အခဲများရှိပါက လုပ်ငန်းကော်မတီ တယ်လီဖုန်းအမှတ် ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆၊ ၀၉-၆၆၄၅၉၆၃၂၇ များသို့ လည်းကောင်း၊ ဗဟိုကော်မတီ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၆၇၁၊ ၀၆၇-၄၀၉၆၇၂၊ ၀၆၇-၄၀၉၆၇၃ သို့ လည်းကောင်း ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဒဂုံမြို့သစ် (တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း) မြို့နယ်များ ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၁၁ နာရီက ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၂) ရပ်ကွက် ကျန်စစ်သားမြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၀၈)ရပ်ကွက်သို့ သွားရောက်၍ ကျန်စစ်သားမြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ မြောင်းတစ်လျှောက် မလွတ်ကင်းသည့် အတားအဆီးများကို Back Hoe အသုံးပြု ဖယ်ရှားရှင်းလင်းရန် မှာကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၅၂)ရပ်ကွက်သို့ သွားရောက်၍ မဒချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၅၁) ရပ်ကွက် ပြည်ထောင်စုလမ်းမဘေးရှိ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သည့် ပြည်ထောင်စုမြောင်းမကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပညာရေးကဏ္ဍဆိုင်ရာ လုပ်ဆောင်ချက်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ဧပြီလအတွင်း လုပ်ဆောင်ချက်များ၊ NUG CRPH နှင့် PDF တို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့သည့်ကိစ္စရပ်များ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများ ဖော်ထုတ်ရရှိမှု အခြေအနေများနှင့် ပတ်သက်၍ Powerpoint Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လက်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးသည့် ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု အခြေအနေများ၊ မဲမသမာမှုဖြစ်ပေါ်စေရန် ဖိအားပေးစေခိုင်းခံခဲ့ရမှု ဖြစ်စဉ်ဖြစ်ရပ်များ၊ မဲစာရင်းလက်တွေ့ စစ်ဆေးချက်များနှင့်ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးလျက်ရှိပြီး စစ်ဆေးပြီးစီးမှု ပေါင်းချုပ် စာရင်းများကို ဆက်လက် ထုတ်ပြန်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက Powerpoint Presentation များ၊ မြေပြင်စစ်ဆေးတွေ့ရှိချက် အချက်အလက်များဖြင့် ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်း ပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

**ခင်းကျင်းပြသ**

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှိုင်းမြိုင်းဖြိုးကားနိုင်ရေးအတွက် သတင်းစာ ရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ လက်ရှိပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့ စစ်ဆေးချက်များနှင့် သိရှိနိုင်ရန် လိုအပ်သည့် တွေ့ရှိချက် အထောက်အထားများကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

**ဆက်လက်ဖော်ပြသွားမည်**

သတင်းစာ ရှင်းလင်းပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်ပြည်တွင်း သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များလာရောက် သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက် ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။




အစွန်းရောက်အဖွဲ့များအသုံးပြုသည့် ဖောက်ခွဲဖျက်စီးရေးဆက်စပ်ပစ္စည်းများ





အစွန်းရောက်အဖွဲ့များအသုံးပြုသည့် ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ။



တိုင်းနှင့်ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်နေခြင်း



ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ စစ်သင်တန်းတက်ရောက်ရန်နှင့် ရန်ကုန်မြို့အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ခဲ့မှုများအား ဖော်ထုတ်ရရှိမှု

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်း ရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ် မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

(ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက် ကုသမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၅**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ်၊ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



လူသားတို့၏ ကျန်းမာရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၇)ကြိမ်မြောက် ထွက်ခွာ

နေပြည်တော် မေ ၁၅

**COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်။**

အဆိုပါ လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် (၁၆)ကြိမ်မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ ပါဝင်သော ၄၁ ဦးနှင့် လဲလှယ်ထမ်းဆောင်ရန် (၁၇)ကြိမ်မြောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော် ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၌ မေ့ဆေးပါရဂူ လေးဦး၊ ရောဂါဗေဒပါရဂူ နှစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဓာတ်မှန်ပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ ခုနစ်ဦး၊ ဆေးမှူးဆရာဝန် ငါးဦး၊ သူနာပြုအရာရှိ ရှစ်ဦး၊ အထက်တန်းသူနာပြု သုံးဦး၊ ဓာတ်ခွဲကျွမ်းကျင် နှစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင် နှစ်ဦး၊ ဆေးဝါးကျွမ်းကျင် နှစ်ဦး စုစုပေါင်း ၃၇ ဦး ပါဝင်ကာ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နေ့လယ်ပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ်မှ COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ထွက်ခွာကြစဉ်။

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၁၅**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေး အဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၅၆၅၁ ဦးနှင့် အတွင်းလူနာပေါင်း ၆၂၉၀၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်း လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၆၉၁၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၈၇၉ ဦး စုစုပေါင်း ၁၄၄၉၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၄၉၆၇ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၃၁၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂,၈၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းဦးစီးဌာနမှ လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးများ စိုက်ထည့်

**နေပြည်တော် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ရေလှောင်တမံဧည့်ရိပ်သာ၌ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းအကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးအကောင်ရေ တစ်သိန်းနှင့် ရွှေဝါငါးကြင်းအကောင်ရေ ငါးသောင်းတို့ကို ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆*ကျောဖုံးမှ*

ထုတ်ဖော် ပြောကြားထားသည့်အတွက် အာဆင်နယ်အသင်းမှ ထွက်ခွာပြီး ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသို့ ပြောင်းရွှေ့မည်လား သို့မဟုတ် အင်္ဂလန်တွင် ဆက်လက်မြင်တွေ့ရမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

လူးဝစ်သည် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လန်ဒန်ပြိုင်ဘက် ချယ်ဆီးအသင်းမှ ပေါင် ရှစ်သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲစုံ ၇၃ ပွဲပါဝင်ကစားထားကာ လေးဂိုးသွင်းယူ ပေးထားနိုင်သည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် အက်ဖ်အေဖလားကို ဆွတ်ခူးထားသည်။

၎င်းသည် အာဆင်နယ်အသင်းယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံး ပွဲစဉ် သုံးပွဲကို ဒဏ်ရာကြောင့် လွဲချော်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၃၆ ပွဲတွင် ရမှတ် ၅၅ မှတ်သာ ရရှိထားပြီး ယူရိုပါလိဂ်ဝင်ခွင့်အတွက် ရုန်းကန်နေရသည့်အသင်း ဖြစ်သည်။ အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မေ ၂၀ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

ပထမဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်နိုင်ငံတို့မှ လိဂ်ချန်ပီယံအသင်းများဖြင့် ကျင်းပခဲ့ပြီး ယခုနှစ်တွင်မူ ယင်းအသင်းများမပါဝင်ဘဲ အသင်းသစ်များဖြင့် ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲကျင်းပမည့်အပေါ်မူတည်၍ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်တွင် အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းမရှိသေးပါက နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်တွင် ဗိုလ်စွဲထားသည့်အသင်းကို စေလွှတ်ရဖွယ်ရှိနေသည်။ မြန်မာနိုင်ငံ၏ အမျိုးသမီးလိဂ်ပြိုင်ပွဲကို သုံးကြိမ်သာ ကျင်းပရသေးပြီး ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲထားသည်။

**ရဲရင့်လွင်**

# အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၅**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့၊ အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာအတွင်းရှိ အိမ်ထောင်စု ၂၀၀ အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိနယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကင်ညာနိုင်ငံတွင် ဇွန်လမှစတင်၍ ကိုဗစ် - ၁၉ ကာကွယ်ဆေးဒုတိယအကျော့ထိုးနှံပေးနိုင်တော့မည်

နိုင်ရိုဘီ မေ ၁၅

**ကင်ညာနိုင်ငံတွင် ဇွန်လပထမပတ်မှစတင်၍ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကျော့ထိုးနှံပေးခြင်းကို စတင်နိုင်တော့မည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၄ ရက်တွင် ပြောသည်။**

ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့နှင့် ဒုတိယအကျော့ထိုးရမည့်အချိန် ကွာခြားချက်ကို ရှစ်ပတ်မှ ၁၂ ပတ်အတွင်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လမ်းညွှန်ထားပြီး ကာကွယ်ဆေးထိုးရမည့်အချိန်ကို ပြင်ဆင်ပြီးနောက် ကင်ညာနိုင်ငံတွင် ဒုတိယအကျော့ ကာကွယ်ဆေးထိုးရမည့် အချိန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အက်စ်ထရာဇနီကာ ကာကွယ်ဆေး ပထမအကျော့နှင့် ဒုတိယအကျော့ကြား ခြားရမည့်အချိန်ကာလကို ၁၂ ပတ်ဟု သတ်မှတ်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။ ထို့ကြောင့် ဒုတိယအကျော့ ကာကွယ်ဆေးထိုးရမည့်အချိန်မှာ ဇွန်လ ဖြစ်သည်။ အိန္ဒိယတွင် ကိုဗစ် -၁၉ ကူးစက်မှု များပြားနေချိန် ကင်ညာနိုင်ငံတွင်လည်း ကိုဗစ် -၁၉ ကာကွယ်ဆေး ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။

ကင်ညာနိုင်ငံတွင် မတ်လအစောပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ပြီး ကိုဗက်အစီအစဉ်အောက်မှ အိန္ဒိယတွင် ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကိုဗစ် -၁၉ ကာကွယ်ဆေး ၁ ဒသမ ၀၂ သန်းကို ကင်ညာနိုင်ငံက လက်ခံရရှိခဲ့သည်။

ပြည်သူများ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးပိုင်ခွင့်ရှိသည့် အသက်အုပ်စုများကို အချိန်တိုအတွင်း ကာကွယ်ဆေးထိုးပေးနိုင်အောင် ကြိုးစားလျက်ရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။ အရွယ်ရောက်ပြီးသူတိုင်း ၂၀၂၂ ခုနှစ် ဇွန်လတွင် ကာကွယ်ဆေးထိုးနိုင်လိမ့်မည်ဟုလည်း ပြောကြားခဲ့သည်။

ဒုတိယအကျော့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကိုဗက်အစီအစဉ်နှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။ ကိုဗက်အစီအစဉ်သည် ဆင်းရဲသည့်နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့်နိုင်ငံများ ကိုဗစ် -၁၉ ကာကွယ်ဆေးအညီအမျှ ရရှိစေရေးပြုလုပ်နေသည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် မတ် ၁၃ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ကင်ညာနိုင်ငံတွင် မေ ၁၄ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၅၁၁၂ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၁၁၃၄၃၂ ဦးရှိသည်။ သေဆုံးသူ ၂၉၇၆ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင် ခရိုင်သုံးခုကို ကိုဗစ်-၁၉ အရေးပေါ်အခြေအနေအဖြစ် ထည့်သွင်း

တိုကျို မေ ၁၅

ဂျပန်အစိုးရသည် ဟော်ကိုင်းဒိုး၊ အိုကာရာမာနှင့် ဟီယိုရှီးမားခရိုင်တို့ကို ကိုဗစ် - ၁၉ ကူးစက်မှုများ များပြားနေသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် မေ ၁၆ ရက်မှစတင်၍ ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ တိုကျို၊ အိုဆာကာအပါအဝင် ခရိုင်ခြောက်ခုကို မေလကုန်မတိုင်မီအထိ အရေးပေါ်အခြေအနေအဖြစ် ထည့်သွင်းထားပြီးသား ဖြစ်သည်။

အစိုးရသည် ကူးစက်မှုများကို လျှော့ချနိုင်ရေးနှင့် ဆေးဘက်ဝန်ဆောင်မှုတွင် ဝန်ပိမှုမရှိစေရေးအတွက် ယခုလိုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရေးအစီအစဉ်ကိုလည်း အရှိန်အဟုန်မြှင့်တင်နိုင်ရေး စီစဉ်လျက်ရှိသည်။



တိုကျိုမြို့အနီး ယိုကိုဟားမား ဘူတာရုံတွင် သွားလာနေကြသူများကို တွေ့ရစဉ်။

အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည့်ဒေသများတွင် ဒေသခံအစိုးရများနှင့် နီးကပ်စွာလုပ်ကိုင်လျက်ရှိပြီး တင်းကျပ်သည့်ကိုဗစ်-၁၉စည်းကမ်းများကိုလည်း ချမှတ်ထားသည်ဟု မေ ၁၄ ရက်တွင် ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲက ပြောသည်။ ယခု ပြုလုပ်ထားသည့် တင်းကျပ်မှုများတွင် အရက်ရောင်းချခြင်းကို တားမြစ်ထားခြင်း၊ ဘားများတွင် ကာရာအိုကေသီဆိုခွင့်ကို ဆိုင်းငံ့ထားခြင်းနှင့် နေအိမ်မှသာအလုပ်လုပ်ကိုင်ခြင်းတို့ကို အားပေးခြင်း တို့ဖြစ်သည်။

ဂီဖုခရိုင်သည်လည်း အရေးပေါ်အခြေအနေ ကြေညာသင့်မသင့် ဗဟိုအစိုးရထံ ခွင့်ပြုချက်တောင်းခံရန် မေ ၁၅ ရက်တွင် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ

## ဂျာမနီနိုင်ငံတွင်နှစ်လအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကူးစက်မှု အနိမ့်ဆုံးဖြစ်

ဘာလင် မေ ၁၅

ဂျာမနီနိုင်ငံ၏ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ လူဦးရေ ၁၀၀၀၀၀ တွင် ၉၆ ဒသမ ၅ ကျဆင်းသွားပြီး နှစ်လတာအတွင်း ပထမဆုံးအကြိမ်အဖြစ် အနိမ့်ဆုံး ကျဆင်းသွားခြင်းဖြစ်သည်ဟု ရောဘတ်ကို့ချ် အင်စတီကျူက မေ ၁၄ ရက်တွင် ပြောသည်။

ကူးစက်မှုနှုန်းလျော့လာသည့်အတွက် အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ရန် အခြေအနေဖြစ်လာခဲ့သည်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုများထဲတွင် ညဘက်သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့်နှင့် အရေးမကြီးသည့်ဈေးဆိုင်များ ပိတ်ထားရန်၊ စားသောက်ဆိုင်များ ပိတ်ထားရန်တို့ပါရှိသည်။

ကူးစက်မှုနှုန်း သိသိသာသာ လျော့နည်းလာသည့်အတွက် ယုံကြည်မှုရှိလာရသည်ဟု ကျန်းမာရေးဝန်ကြီး ဂျန်စပင်းက ပြောသည်။

ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရာတွင် မှတ်တမ်းသစ်တင်နိုင်ခဲ့ပြီး မေ ၁၂ ရက်တစ်ရက်တည်းတွင်ပင် လူပေါင်း ၁ ဒသမ ၃၅ သန်းကျော်ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်ဟု သိရသည်။

ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးပြီးသူ ၈ ဒသမ ၈ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၆၃၃ ဦး ထပ်မံတွေ့ရှိ

ဂျကာတာ မေ ၁၅

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှာ ၂၆၃၃ ဦးတွေ့ရှိခဲ့သည့်အတွက် ကူးစက်ခံရသူပေါင်း ၁၇၃၄၂၈၅ ဦးရှိလာသည်။ နောက်ထပ်သေဆုံးသူ ၁၀၇ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၇၈၂၃ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၄ ရက်တွင် ပြောသည်။

ရောဂါပျောက်ကင်းပြီးနောက် ဆေးရုံမှ ဆင်းသွားသူ ၃၈၀၇ ဦး ထပ်တိုးလာပြီးနောက် ပြန်လည်သက်သာလာသူ အရေအတွက်မှာ ၁၅၉၂၈၈၆ ဦးရှိလာသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှာ ပြည်နယ်ပေါင်း ၃၄ ခုတွင် ပျံ့နှံ့လျက်ရှိသည်။

ဆင်ဟွာ

## ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အိန္ဒိယတွင် စတင်

မွမ်ဘိုင်း မေ ၁၅

အိန္ဒိယနိုင်ငံ၏ ဒေါက်တာ ရက်ဒီဓာတ်ခွဲခန်းမှ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ဖြန့်ဖြူးပြီး ဟိုက်ဒရာဘတ်တွင် လူတစ်ဦးကို ပထမအကျော့ ကာကွယ်ဆေးထိုးနှံမှု ပြုလုပ်သည်ဟု သိရသည်။

ကာကွယ်ဆေး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဒေါ်လာ ကျသင့်ပြီး အိန္ဒိယကုမ္ပဏီထံ မေ ၁ ရက်တွင် စတင်ရောက်ရှိခဲ့ခြင်းဖြစ်ရာ ဆေးဝါးကြီးကြပ်ရေးမှ မေ ၁၃ ရက်တွင် အသုံးပြုခွင့်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုများကြားတွင် ရုန်းကန်နေရပြီး မေ ၁၄ ရက်အထိ ၃ ဒသမ ၇ သန်းကျော် ကူးစက်ခံထားရပြီး သေဆုံးသူ ၂၆၂၃၁၇ ဦးရှိသည်ဟု သိရသည်။

လာမည့်လများအတွင်း Sputnik V ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်အချိန်အထိ နောက်ထပ်ကာကွယ်ဆေးများ ရရှိဦးမည်ဟု သိရသည်။

ပြည်တွင်း၌ပင် Sputnik V ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ကုမ္ပဏီသည် အိန္ဒိယရှိ မိတ်ဖက်အဖွဲ့အစည်း ခြောက်ခုနှင့် အနီးကပ်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ




Sputnik V ကိုဗစ်-၁၉ ကာကွယ်ဆေး။

# ပူးပေါင်းဆောင်ရွက်မှုနဲ့ အဖြေရှာရမယ့် အိန္ဒိယရဲ့ ကိုဗစ်-၁၉ တစ်ကျော့ပြန်တိုးလာတဲ့ကူးစက်မှု

လင်းဟန်သစ်

ကိုဗစ်-၁၉ အခြေအနေ အရှိန်အဟုန်နဲ့ မကူးစက်မပျံ့နှံ့ခင် အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအကြား ကိုဗစ်-၁၉ အခြေအနေကို ကိုင်တွယ်ဖြေရှင်းဖို့ ညှိနှိုင်းတိုင်ပင်မှုတွေနည်းခဲ့တယ်လို့ ကျွမ်းကျင်သူတစ်ဦးက ထောက်ပြပြောဆိုခဲ့ပါတယ်။ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၅၀၀၀၀ ကျော်လာခဲ့ပါပြီ။



အိန္ဒိယနိုင်ငံ နယူးဒေလီရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတစ်ခုရှိ ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

**ကူးစက်ဖြစ်ပွားမှုကို ပိုမိုတိုးစေ**

အိန္ဒိယနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၀၅ ဦး မှတ်တမ်းတင်ဖော်ပြခဲ့မှုနဲ့အတူ အသွင်ပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုက အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ပိုမိုတိုးစေပြီး ကမ္ဘာပေါ်ရှိ တခြားနိုင်ငံတွေမှာလည်း အိန္ဒိယမှာ တွေ့ရှိခဲ့တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ကူးစက်ဖြစ်ပွားမှုတွေကို တွေ့ရှိခဲ့ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းရဲ့ အရှေ့ပိုင်းရက်တွေကို ပြန်ကြည့်မယ်ဆိုရင် ချီတုံချတုံဖြစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အားနည်းတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ဖော်မပြနိုင်လောက်တဲ့ စီးပွားရေးပျက်စီးမှုတွေနဲ့ လူပေါင်း ၃ ဒသမ ၃ သန်းကျော် သေဆုံးခဲ့ပါတယ်။ နောက်ဆုံးရယူခဲ့တဲ့ စာရင်းဇယားတွေအရ ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ သန်း ၁၆၀ ကျော်ရှိလာပြီ ဖြစ်ပါတယ်။

**အာရုံစိုက်လာခဲ့ကြ**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအပေါ်တုံ့ပြန်မှုဟာ အရေးတကြီးမဖြစ်ခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံတွေဟာလည်း အဲဒီအပေါ် အာရုံစိုက်ခြင်းသိပ်မရှိခဲ့ပါဘူး။ နောက်ပိုင်း အခြေအနေ တဖြည်းဖြည်း ဆိုးလာတော့မှသာ အာရုံစိုက်လာခဲ့တာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဒီဆိုးရွားပြင်းထန်လာတဲ့ ရောဂါကို ကပ်ရောဂါအဖြစ် သတ်မှတ်ခဲ့ပြီး ကာကွယ်ရေးနည်းလမ်းတွေ၊ တားဆီးရေးနည်းလမ်းတွေ လုပ်ဆောင်လာခဲ့ကြပါတော့တယ်။ အဲဒီထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်တာတွေ၊ လက်ကို ဆပ်ပြာနဲ့ရေနဲ့သုံးပြီး ဆေးတာတွေ၊ ရေအလွယ်တကူ မရနိုင်တဲ့နေရာတွေမှာဆိုရင်လည်း လက်သန့်ဆေးရည်တွေသုံးတာတွေကို လုပ်ဆောင်လာကြပါတယ်။

**ဖောက်ထိုးဖြစ်စေခဲ့**

ဒီကပ်ဆိုးကြီးဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတွေကို ဒုက္ခပေးရုံတင်မကပါဘူး။ ကမ္ဘာ့စီးပွားရေးကိုပါ ဖောက်ထိုးဖြစ်စေခဲ့ပါတယ်။ သူ့ကြောင့် ပညာရေးသာမက လူမှုရေးတွေမှာလည်း ဝေးကွာခဲ့ရပါတယ်။

ဒါကြောင့် ဒီအခြေအနေကို အကောင်းဆုံး ကျော်လွှားဖို့ကတော့ ကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့ပဲဆိုတာကို သဘောပေါက်တာနဲ့ တစ်ပြိုင်နက် ကမ္ဘာ့နိုင်ငံတွေဟာ ကာကွယ်ဆေးကို အပြိုင်အဆိုင်ထုတ်လုပ်ဖို့ ကြိုးစားလာကြပါတယ်။ ကြိုးစားတဲ့အတိုင်းလည်း ထုတ်လုပ်လာနိုင်သလို ကာကွယ်ဆေးတွေလည်း ထိုးလာနိုင်ကြပါတယ်။

**အဆုံးမသတ်သေး**

သို့သော်လည်း ဒီ ကိုဗစ်-၁၉ ကပ်ဆိုးကြီး အဆုံးသတ်သွားပြီလားဆိုရင် အဆုံးမသတ်သေးပါဘူး။ ဆက်လက်ဖြစ်ဆဲပါ။ တစ်ဦးတစ်ယောက်၊ လူနည်းစုတစ်စုပဲ ကာကွယ်ဆေးထိုးနေလို့ကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ အဆုံးသတ်သွားမှာ မဟုတ်ပါဘူး။ တစ်မျိုးသားလုံး လူဦးရေအကုန်လုံးနီးပါး ကာကွယ်ဆေးထိုးနိုင်မှသာ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။

မူလ ကိုဗစ်-၁၉ ကပ်ရောဂါကို အနိုင်တိုက်နေရတဲ့ကြားက နောက်ထပ်ထပ်မံတွေ့ရှိခဲ့တဲ့အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တွေကလည်း ထပ်မံဆင့်ပွားပြောင်းလာတော့ ဘူးလေးရာ ဖရုံဆင့် ဖြစ်လာပါတော့တယ်။ အဲဒီတော့ ပထမ ကိုဗစ်အကျော့တွေ၊ ဒုတိယ ကိုဗစ် အကျော့တွေ၊ တတိယ ကိုဗစ်အကျော့တွေ စသည်ဖြင့် ရိုက်ခတ်လာပါတော့တယ်။

**ကျန်းမာရေးစနစ်ကို ယိုင်နဲ့စေ**

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် အိန္ဒိယလိုမျိုး၊ ဂျပန်နိုင်ငံလိုမျိုး နိုင်ငံတွေရဲ့ ကျန်းမာရေးစနစ်တွေကို ဝန်နဲ့အားမမျှစေဘဲ ယိုင်နဲ့စေခဲ့ပါတယ်။ တချို့ဆိုရင် ဆေးရုံတောင်မရောက်လိုက်ရဘဲ လူနာတင်ယာဉ် စောင့်ရင်း သေဆုံးခဲ့ကြပါတယ်။

အရှေ့တောင်အာရှမှာလည်း အခုဆိုရင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ တဖြည်းဖြည်းသတိထားရလောက်မယ့် အနေအထားအထိ တိုးလာတာကို တွေ့ရမှာဖြစ်ပါတယ်။

**ကာကွယ်ဆေးဖြန့်ဝေရာမှာ လှူဒါန်း**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးရဲ့ ဦးဆောင်မှုနဲ့ ကိုဗက်အစီအစဉ်ကတော့ ကမ္ဘာ့ဆင်းရဲတဲ့ နိုင်ငံတွေလိုမျိုး ကာကွယ်ဆေးလိုအပ်နေတဲ့ နိုင်ငံတွေကို ကာကွယ်ဆေးထောက်ပံ့ပေးဖို့၊ တန်းတူညီမျှရရှိဖို့၊ မျှမျှတတဖြစ်ဖို့ ဆောင်ရွက်နေပါတယ်။ လတ်တလောမှာ ဂျပန်နိုင်ငံဟာ ကိုဗက်အစီအစဉ်ကို နောက်ထပ် အမေရိကန်ဒေါ်လာသန်း ၇၀၀ လှူဒါန်းမယ်လို့ ဆိုထားပါတယ်။ သူ့လိုမျိုးပဲ တခြားနိုင်ငံတွေကိုလည်း ကာကွယ်ဆေးဖြန့်ဝေနိုင်ဖို့ လှူဒါန်းကြဖို့ တိုက်တွန်းပြောကြားဦးမှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ အခြေအနေဟာ ဘယ်လောက်ပဲဆိုးဆိုး နောက်ဆုံးမှာ တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်ဆိုသလို ထိန်းချုပ်သွားနိုင်မှာဖြစ်ပါတယ်။

**ကာကွယ်ဆေးက ကိုဗစ်အခြေအနေကို လျော့ပါးသက်သာစေ**

ကာကွယ်ဆေးထိုးခြင်းဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပတို့ရဲ့ ကိုဗစ်-၁၉ အကျပ်အတည်းကို လျော့ပါးသက်သာစေပါတယ်။ ကာကွယ်ဆေးတွေ မြန်မြန်ဆန်ဆန်ထိထိရောက်ရောက် ထိုးလာနိုင်တာနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကလည်း နောက်က ထက်ကြပ်မကွာ လိုက်ပါလာမှာဖြစ်ပါတယ်။ ဥရောပကော်မရှင်ကတော့ သူ့ရဲ့ စီးပွားရေးဖွံ့ဖြိုးမှု ပြန်လည်တိုးလာမယ့် အနေအထားကို ကြိုတင်ခန့်မှန်းထားပါတယ်။

လူတိုင်း ကာကွယ်ဆေးထိုးနိုင်ဖို့ ရည်မှန်းချက်ကတော့ အတော်လေး ကြိုးစားရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို ထိုးနိုင်မှလည်း ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဘိုင်ဒင်ကတော့ ကျွန်တော်တို့ကြိုးစားရမယ်လို့ ပြောပါတယ်။

> ❖ အိန္ဒိယနိုင်ငံဟာ တကယ့်ကို ဆိုးတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ အိန္ဒိယရဲ့ ကျန်းမာရေးစနစ်မှာ ရန်ပုံငွေမလောက်တာတွေက ဆေးရုံတွေနဲ့၊ မီးသင်္ဂြိုဟ်ရုံတွေမှာ သေဆုံးသူတွေနဲ့ ပြည့်ကျပ်စေပါတယ်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးတဲ့သူတွေဟာ ရေတောင် မရေတွက်နိုင်တော့ဘူးလို့ ထင်ရပါတယ်

**ဆိုးရွားတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ အိန္ဒိယ**

အခုဆိုရင် အိန္ဒိယနိုင်ငံဟာ တကယ့်ကို ဆိုးတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ အိန္ဒိယရဲ့ ကျန်းမာရေးစနစ်မှာ ရန်ပုံငွေမလောက်တာတွေက ဆေးရုံတွေနဲ့၊ မီးသင်္ဂြိုဟ်ရုံတွေမှာ သေဆုံးသူတွေနဲ့ ပြည့်ကျပ်စေပါတယ်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးတဲ့သူတွေဟာ ရေတောင် မရေတွက်နိုင်တော့ဘူးလို့ ထင်ရပါတယ်။ ကားပါကင်တွေနဲ့ တခြား အများပြည်သူနေရာတွေမှာ ရုပ်အလောင်းတွေကို မီးရှို့နေရတာတွေက ကိုဗစ်-၁၉ အကျပ်အတည်းက ဘယ်လောက်တောင် တိုးလာသလဲဆိုတာကို ဖော်ပြနေပါတယ်။ အလားတူပဲ ဂင်္ဂါမြစ်ထဲမှာလည်း ရုပ်အလောင်းတွေ မျောပါနေကြပါတယ်။ ကျန်းမာရေးစနစ် မကောင်းတဲ့ကြားက ကိုဗစ်-၁၉ ရဲ့ ရိုက်ခတ်မှုကို ခံရတော့ ကူကယ်ရာမဲ့တဲ့ အနေအထား ဖြစ်နေပါတယ်။

**စည်းလုံးညီညွတ်ခြင်းနဲ့ ကျော်လွှားမယ်**

တချို့နိုင်ငံတွေက အိန္ဒိယနဲ့ နယ်စပ်တွေကို ပိတ်လိုက်သလို တချို့ဆိုရင်လည်း အိန္ဒိယနိုင်ငံနဲ့ ခရီးစဉ်တွေကို ရပ်ဆိုင်းထားတာတို့၊ ကန့်သတ်ထားတာတို့တွေ ပြုလုပ်ထားကြပါတယ်။ အခုဆိုရင် အိန္ဒိယရဲ့ ကိုဗစ်- ၁၉ အသွင်ပြောင်းမျိုးစိတ်သစ်ဟာ နိုင်ငံအတော်များများကို ပျံ့နှံ့နေပါတယ်။

ဒီအခြေအနေဟာ မျှော်လင့်ချက်မဲ့သွားတာတော့ မဟုတ်ပါဘူး။ ယုံကြည်ချက်ရှိနေသမျှ မျှော်လင့်ချက်ရှိနေစမြဲပါ။ ကိုဗစ်- ၁၉ အရေးဟာလည်း မဖြေရှင်းနိုင်တဲ့ အရေးမဟုတ်ပါဘူး။ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရင် တစ်ချိန်ချိန်မှာ အလိုရှိရာ ပန်းတိုင်ကို ရောက်စမြဲဖြစ်ပါတယ်။ သို့သော်လည်း ပူးပေါင်းဆောင်ရွက်မှုမရှိဘဲနဲ့တော့ မရပါဘူး။ ညှိနှိုင်းပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့သာဆိုရင် ဒီကပ်ဆိုးကြီးကို ကျော်လွှားနိုင်မှာပဲ ဖြစ်ပါတယ်။ ။

ကိုးကား- အေအက်ဖ်ပီ

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၄ ဦး တွေ့ရှိ

## (၁၅–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၀၀,၈၅၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၀၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၀၀) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၅-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၆၆၈၉၃၁ | ၂၆၇၁၂၈၂၁ | ၅၉၉၃၁၄ |
| ၂။ | အိန္ဒိယ | ၂၄၄၀၈၁၃၂ | ၂၀၄၈၃၄၈၇ | ၂၆၆၉၉၀ |
| ၃။ | ဘရာဇီး | ၁၅၅၂၁၃၁၃ | ၁၄၀၂၈၃၅၅ | ၄၃၂၇၈၅ |
| ၄။ | ပြင်သစ် | ၅၈၄၈၁၅၄ | ၅၀၄၂၄၁၁ | ၁၀၇၄၂၃ |
| ၅။ | တူရကီ | ၅၀၉၅၃၉၀ | ၄၈၉၄၀၂၄ | ၄၄၃၀၁ |
| ၆။ | ရုရှား | ၄၉၃၁၆၉၁ | ၄၅၄၇၅၀၀ | ၁၁၅၄၈၀ |
| ၇။ | ဗြိတိန် | ၄၄၄၆၈၂၄ | ၄၂၇၃၄၄၁ | ၁၂၇၆၆၈ |
| ၈။ | အီတလီ | ၄၁၄၆၇၂၂ | ၃၆၈၁၀၈၉ | ၁၂၃၉၂၇ |
| ၉။ | စပိန် | ၃၆၀၄၇၉၉ | ၃၂၉၇၃၄၀ | ၇၉၃၃၉ |
| ၁၀။ | ဂျာမနီ | ၃၅၈၅၈၉၁ | ၃၂၇၅၅၀၀ | ၈၆၄၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၃၆၆၇၀ | ၁၅၉၇၀၆၇ | ၄၇၉၆၇ |
| ဖိလစ်ပိုင် | ၁၁၃၈၁၈၇ | ၁၀၆၂၄၂၇ | ၁၉၀၅၁ |
| မလေးရှား | ၄၆၆၃၃၀ | ၄၂၂၃၂၉ | ၁၈၆၆ |
| မြန်မာ | ၁၄၃၀၅၉ | ၁၃၂၁၀၀ | ၃၂၁၂ |
| ထိုင်း | ၉၉၁၄၅ | ၆၃၆၆၇ | ၅၆၅ |
| စင်ကာပူ | ၆၁၅၃၆ | ၆၁၀၄၇ | ၃၁ |
| ကမ္ဘောဒီးယား | ၂၁၈၃၄ | ၁၀၇၄၀ | ၁၄၇ |
| ဗီယက်နမ် | ၃၈၅၄ | ၂၆၅၇ | ၃၆ |
| လာအို | ၁၅၇၀ | ၅၅၅ | ၂ |
| ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |




## COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် ဒေသခံတောင်သူများရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ရာသီသီးနှံများကို တပ်မတော်က ဆက်လက်ဝယ်ယူ

**နေပြည်တော် မေ ၁၅**

ကမ္ဘာ့ကပ်ရောဂါ COVID–19 ရောဂါ ဖြစ်ပွားမှုကြောင့် သွားလာမှုများ ရပ်ဆိုင်းကာ သီးနှံများဝယ်ယူသူ နည်းပါးသဖြင့် ဒေသခံတောင်သူများအနေဖြင့် ရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ သီးနှံများ ပျက်စီးဆုံးရှုံးနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေသောကြောင့် နယ်မြေခံတပ်မတော်သားများက စိုက်ခင်းများသို့သွားရောက်၍ ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ရာသီသီးနှံများကို ဝယ်ယူပေးလျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ၏စိုက်ခင်းများသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ သွားရောက်၍ ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ကြက်သွန်နီ ၃၀၇၅၅ ပိဿာကို ဝယ်ယူပေးခဲ့ပြီး ဒေသခံတောင်သူများ၏ အခက်အခဲများအပေါ် မူတည်၍ သီးနှံများကို ဆက်လက်ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မင်းတပ်မြို့နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် လက်နက်ကိုင် ဆူပူအကြမ်းဖက်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၁၅**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပြဋ္ဌာန်းထားသည့် ကာလအတွင်း ထိန်းသိမ်းရယူကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုရှိစေရေးဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေရန်ရည်ရွယ်၍ ဆူပူအကြမ်းဖက်သူများက ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ဆူပူဆန္ဒပြမှုများ ဆောင်ရွက်ခြင်း၊ ၎င်းအပြင် အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ အစိုးရဝန်ထမ်းများအား CDM တွင်ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ CDM မပြုလုပ်သော အစိုးရဝန်ထမ်းကောင်းများအပေါ် ဖိအားပေး ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

### အန္တရာယ်ပြုချောင်းမြောင်းတိုက်ခိုက်

ထို့ပြင် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများအဖြစ်ကြေညာထားသော CRPH နှင့် ဆက်သွယ်ကာ မင်းတပ်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို တရားမဝင်ဖွဲ့စည်း၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်၊ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများ၏ အသက်အိုးအိမ်များ ပျက်စီးစေရန်ရည်ရွယ်၍ ဆူပူအကြမ်းဖက်ခြင်း၊ မိုင်းထောင်၊ မိုင်းခွဲပြုလုပ်ခြင်း၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ အစိုးရဝန်ထမ်းများကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ၊ မီးပုလင်းများဖြင့် အန္တရာယ်ပြုချောင်းမြောင်းတိုက်ခိုက်ခြင်း စသော လက်နက်ကိုင်၍ အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism) ကိုပါ ဆောင်ရွက်လာခဲ့သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက်မှ မေ ၁၃ ရက်အထိ မင်းတပ်မြို့နယ်အတွင်း လှည့်ကင်းပတ်ကင်း ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူများက စုစုပေါင်း (၇)ကြိမ်ခန့် လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်ခဲ့သည်။ ထို့ပြင် မေ ၁၂ ရက်တွင် ဆူပူအကြမ်းဖက်သူ CDF အဖွဲ့ဝင်များက မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် အရှေ့ပြင်ရပ်ကွက်ရှိ မြို့မရဲစခန်းတို့အား တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် မင်းတပ်ခရိုင် လျှပ်စစ်ရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးရဲအောင်စိုးနှင့် ဦးဝေဖြိုးသန့်တို့ နှစ်ဦးအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှု နေရာပြပုံ





### ဝိုင်းဝန်းတိုက်ခိုက်

၎င်းအပြင် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် မင်းတပ်မြို့ လုံခြုံရေးဆောင်ရွက်ရန်အတွက် မတူပီမြို့မှထွက်ခွာလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား မတူပီ-မင်းတပ် ကားလမ်း ၃၅/ ၀ မိုင် အရောက်၌ အကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။ ထို့အတူ မင်းတပ်မြို့၏အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက်သူ အင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မင်းတပ်မြို့သို့ လာရောက်နိုင်ခြင်းမရှိစေရန် ပိတ်ဆို့ပစ်ခတ်တိုက်ခိုက်ခြင်း ပြုလုပ်လာခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့မှုများကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ တပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရရှိခဲ့သည်။

မင်းတပ်မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များဖြင့် ဧပြီ ၂၉ ရက်နှင့် မေ ၁၀ ရက်တို့တွင် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများက သဘောတူလက်ခံခြင်းမရှိဘဲ အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုဖြစ်သော CRPH နှင့်တရားမဝင်ဖွဲ့စည်းထားသော ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်မှုများကြောင့် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားလာသည့်အပြင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကိုပါ ထိခိုက်လာနိုင်သဖြင့် မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး ( Martial Law) အမိန့်ကို မေလ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ရသည်။

ထိုသို့ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့အတွင်း သွားရောက်စဉ် မေ ၁၄ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀၀ ခန့်က လက်နက်ငယ်၊ ၄၀ မမ၊ တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။ ဖြစ်စဉ်တွင် မော်တော်ယာဉ်ခြောက်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကာ တပ်ဖွဲ့ဝင်အချို့ ကျဆုံး၊

ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက နှောင့်ယှက်တိုက်ခိုက်ခဲ့သည့် နေရာများပြပုံ




ပျောက်ဆုံးခဲ့ရသဖြင့် ပျောက်ဆုံးလျက်ရှိသော တပ်ဖွဲ့ဝင်များ အမြန်ဆုံး ပြန်လည်တွေ့ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထို့အတူ မတူပီ-မင်းတပ် ကားလမ်းပေါ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်မှု စုစုပေါင်း (၅)ကြိမ် ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် အကြမ်းဖက်သူတစ်ဦးအား တူမီးသေနတ်တစ်လက်၊ လက်လုပ်မိုင်းလေးလုံးနှင့်အတူ အသေဖမ်းဆီးရမိခဲ့သည်။

### ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သူများ ဝင်ရောက်နေထိုင်လှုပ်ရှားမှုမရှိစေရေး နေ့ညမပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူများအနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အကြမ်းဖက်မှုများကို အားပေးခြင်း၊ ပါဝင်ကျူးလွန်သူများနှင့် စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများကို ကျူးလွန်ဖောက်ဖျက်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းများသို့ ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းတို့ကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ခေါင်းဆောင်နှင့်အင်အား(စိစစ်ဆဲ)အကြမ်းဖက်သူများက ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် တောင်ငူမြို့ နယ်မြေခံတပ်ရင်း၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် တစ်လုံးကျရောက်သော်လည်း ပေါက်ကွဲမှုမရှိကြောင်းနှင့် နယ်မြေခံလေတပ်စခန်းဌာနချုပ် မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ၊ မီတာ ၂၀၀ ခန့်အကွာနှင့် မီတာ ၃၅၀ ခန့်အကွာနေရာတို့၌ တစ်လုံးစီ ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သူများ ဝင်/ထွက်သွားလာနိုင်သည့် လမ်းကြောင်းနှင့်နေရာများအား ပိတ်ဆို့ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီခွဲခန့်တွင် အိုင်စောက်ကျေးရွာ၏ အရှေ့ဘက်မီတာ ၁၃၀၀ ခန့်အကွာ လယ်ကွင်းအစပ် ချုံတန်းတစ်လျှောက်၌ ၁၅ ပေခန့်အကွာနေရာ ၆ နေရာ၌ ဖွဲ့အိတ်ပေါ်တွင် အရှည် ၂ ပေခွဲခန့်ရှိ ၄ လက်မပိုက်ခွဲခြမ်းတစ်ခုစီပေါ် ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံးစီဖြင့် စုစုပေါင်း ခြောက်လုံးအား ထားရှိကာ ဝိုင်ယာကြိုးအရှည် ပေ ၉၀ ဖြင့် ဆက်သွယ်၍ 100 W ဘက်ထရီအိုးတစ်လုံး၊ ဒရစ်ပုလင်းတစ်လုံး၊ ဝါးညှပ်ခလုတ်တစ်ခုတို့ဖြင့် ချိတ်ဆက်ကာ ရေချိန်ဖြင့် ချိန်ကိုက်ပြုလုပ်ပစ်ခတ်ခဲ့သည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆောင်ရွက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အကြမ်းဖက်သူများက ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ၁၀၇ မမ ရှော့တိုက်ဒုံးများကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မျိုးမင်းသန်း | ဒုတိယပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပြည်မြို့ | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးတင်မောင်ဆွေ | လက်ထောက်မော်ကွန်းထိန်း၊ နည်းပညာတက္ကသိုလ်၊ ပြည်မြို့ | ချောက်မြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါက်တာ အောင်နိုင်သူ | တွဲဖက်ပါမောက္ခ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၄ | ဒေါက်တာ စန်းမိုးစံ | တွဲဖက်ပါမောက္ခ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၅ | ဒေါက်တာ ကျော်နိုင်ဦး | ကထိက၊ ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဦးမျိုးမြင့်အောင် | လက်ထောက်ကထိက၊ ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ် | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးတိုင်းကျော်သူ | ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါက်တာ မေယုအောင် | ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဦးရန်မျိုးနိုင် | ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဦးဝင်းမင်းထွန်း | ကထိက၊ နည်းပညာတက္ကသိုလ် (မော်လမြိုင်)၊ မော်လမြိုင်မြို့ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်အယ်လီစံ (အထက်တန်း သူနာပြု) | ပလ တိုက်နယ်ဆေးရုံ | ပလမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးအောင်သီ (အထက်တန်း သူနာပြု) | ကျောက္ကာ တိုက်နယ်ဆေးရုံ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးထိုက်အောင်ခန့် (အထက်တန်း သူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၄ | ဒေါ်ဖြူဖြူအေး (အထက်တန်း သူနာပြု) | ဗန်းမော် ပြည်သူ့ဆေးရုံ | ဗန်းမော်မြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၅ | ဒေါ်ခင်စန္ဒာဖြူ (အထက်တန်း သူနာပြု) | ကလော ပြည်သူ့ဆေးရုံ | ကလောမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၆ | ဒေါ်စုစုအောင် (အထက်တန်း သူနာပြု) | ဇလွန် ပြည်သူ့ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ချောစုစုဝေ (သူနာပြု) | မိုးမောက် ပြည်သူ့ဆေးရုံ | မိုးမောက်မြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်နွယ်ဇင်မြင့် (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကျွန်းလှမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်အေးချမ်းမေ (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးကျော်စိုးသူ (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၅**

မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မြေမာန်ရပ်ကွက်ရှိ မြို့မရဲစခန်းအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများက တူမီးသေနတ်များ၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ဆုတ်ခွာရာနောက်သို့ အသေးစိတ်လိုက်လံပိတ်ဆို့ခဲ့ရာ ရွှေဘုံသာဘောလုံးကွင်းအနီး အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းလမ်းထောင့်၌ အကြမ်းဖက်မှု ပြုလုပ်ရာတွင်ပါဝင်သူ အောင်သစ္စာရပ်ကွက်နေ လှမျိုးအောင်(၂၉ နှစ်)(ဘ)ဦးဝါဌေးပါ အမျိုးသားငါးဦးကို လက်လုပ်မိုင်းတစ်လုံး၊ ဆိုင်ကယ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက် လမ်းမတော်လမ်းရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးဆောင်ရွက်နေစဉ် ကျောင်း၏အနောက်ဘက်နှင့် မြောက်ဘက်တို့မှ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သောင်းကျန်းသူ အင်အား ၄၀ ခန့်က လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်လာရောက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူများမှာ လူစုကွဲထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော လုံခြုံရေးအင်အားများတိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူဆန္ဒပြသူများအား လူစုခွဲရှင်းလင်းခဲ့ပြီး ပါဝင်သူအချို့ကို ဆူပူဆန္ဒပြရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**



တောင်ကြီးမြို့၌ ဆူပူဆန္ဒပြရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိစဉ်။

မြို့နယ်အချို့၌ ဆူပူဆန္ဒပြသူများအား လူစုခွဲရှင်းလင်းခဲ့ပြီး ပါဝင်သူအချို့အား ဆူပူဆန္ဒပြရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အနောက်မြို့ပတ်လမ်းနှင့် ရတနာသီရိလမ်းသွယ် ၄ ၌ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူဆန္ဒပြသူ အင်အား ၄၀ ခန့်မှ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ အခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြရာတွင်ပါဝင်သူ ကျော်ကျော်လင်း (ခ) အငယ်ကောင် (၂၄ နှစ်)(ဘ) ဦးကြည်စိုးပါ အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မိုးကောင်းကားမှတ်တိုင်အနီး၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူဆန္ဒပြသူ အင်အား ၂၀ ခန့်မှ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး အဆိုပါကားမှတ်တိုင်အနီးမှ ဆူပူဆန္ဒပြရာတွင်ပါဝင်သူ လှိုင်သာယာမြို့နယ် အမှတ် (၂၃) ရပ်ကွက်နေ ကျော်သူရ(၂၆ နှစ်) (ဘ)ဦးလှမြင့်ပါ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အများပြည်သူပိုင် နေအိမ်အဆောက်အအုံများကို မီးပုလင်း၊ မီးကွင်းများဖြင့် မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၁၅**

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အများပြည်သူပိုင် နေအိမ်အဆောက်အအုံများအား မီးပုလင်း၊ မီးကွင်းများဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ခဲ့ရာ မေ ၁၄ ရက် နံနက် ၁ နာရီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လောင်းရှည်မြို့ ၄က်ပြာကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများ နေထိုင်သည့် နေအိမ်နှစ်လုံးကိုလည်းကောင်း၊ မေ ၁၄ ရက် ည ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောဂျင်ကျေးရွာရှိ ယာယီပိတ်သိမ်းထားရှိသော ရေဦး-တန့်ဆည် - ကလေးဝသွားကားလမ်း နတ်စင်တောင် (မဟာမြိုင်) စုပေါင်းစစ်ဆေးရေးဂိတ်ကိုလည်းကောင်း အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် နံနက် ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ (၁) ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူး ဦးကျော်ဦး၏ နေအိမ်နှင့် နံနက် ၁ နာရီ မိနစ် ၅၀ က မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၏ နေအိမ်တို့ကို အကြမ်းဖက်သူလူတစ်စုက မီးစာတပ်ထားသော မီးပုလင်းများ၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့သော်လည်း မီးလောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှု မရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များမှ မီးရှို့ခဲ့သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီအရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဂန့်ဂေါမြို့နယ်၌ ဆရာ/ဆရာမများနေထိုင်သည့် နေအိမ်ကို ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးသွားသည်ကို တွေ့ရစဉ်။

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မိုးကြိုးကျေးရွာနေ မွတ္တား(ခ) မျိုးဆင့်(၅၀ နှစ်)(ဘ) ဦးလှမောင်၏ နေအိမ်အတွင်းမှ လက်လုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ည ၆ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နတ်လူထိတ်ပန်ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအလွတ်တစ်ခုအတွင်းမှ တူမီးသေနတ်ခုနစ်လက်နှင့် ဖိုက်ဘာဦးထုပ် ၂၈ လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၄ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် (က+ခ)ရပ်ကွက်နေ ဒေါ်ဝင်း(၄၀)နှစ်(ဘ) ဦးကျော်နု၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့မှ သွားရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓားရှည်မျိုးစုံလေးချောင်း၊ ဓားတိုမျိုးစုံလေးချောင်းနှင့် အကြမ်းဖက်မှုတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို၀ှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တာမွေမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိစဉ်။

# ငါးသယံဇာတပေါများ၍ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် သံလွင်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**ဘားအံ မေ ၁၅**

ကရင်ပြည်နယ်အတွင်း အာဟာရကြွယ်ဝသည့် ငါးသယံဇာတပေါများ၍ စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးအတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်မြစ်ချောင်းအင်းအိုင်များအတွင်း နှစ်လက်မအောက်ခံအရွယ် ငါးသားပေါက်ကောင်ရေ ၁၂သိန်းကျော်ကို ယခုနှစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးမည်ဖြစ်ရာ မေ ၁၄ ရက်က ဘားအံမြို့နယ် တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ သံလွင်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးသည်။

ထိုသို့ ငါးမျိုးများ စိုက်ထည့်ပေးရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သံလွင်မြစ်အတွင်းသို့ နှစ်လက်မအောက်ခံအရွယ် ရွှေဝါငါးကြင်း နှစ်သောင်း၊ ငါးခုံးမကြီး ရှစ်သောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေတစ်သိန်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတ ပေါများပိုလျှံစေရေးအတွက် နှစ်စဉ် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးလေ့ရှိသော်လည်း ယခုနှစ်တွင် ရှင်သန်ပေါက်ပွားရန် အကောင်းဆုံးအရွယ်ဖြစ်သည့် နှစ်လက်မအောက်ခံအရွယ်ကို ရွေးချယ်၍ မြစ်ချောင်း အင်းအိုင်များအတွင်း အမြောက်အမြားစိုက်ထည့်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုစိုက်ထည့်ပေးသည့် ငါးမျိုးများသည် သဘာဝရေပြင် မြစ်ချောင်းအင်းအိုင်များအတွင်း ရှင်သန်ပေါက်ပွားကြီးထွား၍ ငါးသယံဇာတကို တိုးပွားလာစေပြီး ဒေသခံတိုင်းရင်းသားပြည်သူများ အလွယ်တကူ ဖမ်းယူစားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၂၀ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၈၀ | ကျပ် | ၁၂၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၁၂၀ | ၁၀၀၈၀၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၉၀၅၀ | ၃၁၆၇၅၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅ | ၃၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၉ | ၁၉၃၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၇ | ၁၉၂၅၀ |
| EFR | ၃၀၅၀ | ၃၀၀၀ | ၆၄၃ | ၁၉၄၀၁၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာ့ပညာရေး စာပေ(၅)

မောင်ခင်မင် (ဓနုဖြူ)

✻ သင်ခန်းစာတွေကို ကျေညက်နေအောင် ကျက်မှတ်ရမယ်ဆိုတာကို ကြောင်ကပုစွန်ကို ကြွပ်ကြွပ်ဝါးစားသလိုဆိုပြီး ပညာပေးတယ်မဟုတ်လား။ ပြီးတော့ လွှသွားနဲ့တိုက်သလို ပြတ်ပြတ်သားသား ထက်ထက်မြက်မြက်ရှိဖို့၊ ကျောက်ပေါ်မှာ ရေးထိုးထားတဲ့စာလို စွဲစွဲမြဲမြဲရှိဖို့လဲ လမ်းညွှန်ထားသေးတယ်။ အင်မတန်ပေါ်လွင်တဲ့ ဥပမာတွေပဲ။ နောက်ဥပမာတစ်ခုက 'တစ်စပေါ်လျှင်၊ ချည်စငင်သို့' တဲ့၊ ကျက်မှတ်လေ့လာထားတဲ့ စာတွေကို ရွတ်ဖတ်ဟောပြောဖို့ ကြုံလာလျှင် ချည်ခင်က ချည်စကလေးတစ်စကို ဆွဲထုတ်လိုက်တဲ့အခါ ချည်တွေအလိုက်သင့် ပါလာသလိုပဲ စာတစ်ပုဒ်ကို အစဖော်လိုက်ရုံနဲ့ တစ်ပုဒ်လုံးအဆက်မပြတ် ကရားရေလွှတ်ရွတ်ဆိုနိုင်တဲ့ စွမ်းရည်မျိုးရှိဖို့ ပြောထားတာလေ

"ဘဘ၊ သုစိပုဘာဝိလိသိဓာ ဆိုတဲ့အချက်ရှစ်ချက်ဟာ ပညာသင်ကြားရေးမှာ ဒီနေ့အထိခေတ်မီနေတုန်းပဲလို့ ဘဘပြောတာ စဉ်းစားကြည့်လေလေ မှန်လေလေပဲလို့ သဘောပေါက်မိပါတယ် ဘဘ"

"ဟုတ်တယ် သမီးရဲ့။ ဆရာတော်ရှင်မဟာရဋ္ဌသာရဟာ ပညာသင်ကြားရေးနဲ့ ပတ်သက်ပြီး ထောင့်စေ့အောင်လမ်းညွှန်ခဲ့တယ်ဆိုတာ သိပ်ထင်ရှားတာပေါ့ကွယ်"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီ ဆုံးမစာမှာ ပါသေးတယ်။ 'စာသင်ပျို့နု အခြေပြု'လို့ ဆရာတော်ရည်ညွှန်းထားတဲ့ လူငယ်စာသင်သားတွေ ပညာသင်ကြားတုန်း လိုက်နာစရာတွေလေ။ ဥပမာ အလင်္ကာတွေနဲ့ပြောထားတာ"

"ဩော်... ဟုတ်ပါတယ် ဘဘ၊ 'စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကြွပ်ကြွပ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့'လို့ ဖွဲ့ထားပါတယ်"

"ဒီဥပမာ သုံးခုကိုကြည့်လေ။ သင်ခန်းစာတွေကို ကျေညက်နေအောင် ကျက်မှတ်ရမယ်ဆိုတာကိုကြောင်ကပုစွန်ကို ကြွပ်ကြွပ်ဝါးစားသလိုဆိုပြီး ပညာပေးတယ်မဟုတ်လား။ ပြီးတော့ လွှသွားနဲ့တိုက်သလို ပြတ်ပြတ်သားသား ထက်ထက်မြက်မြက်ရှိဖို့၊ ကျောက်ပေါ်မှာ ရေးထိုးထားတဲ့စာလို စွဲစွဲမြဲမြဲရှိဖို့လဲ လမ်းညွှန်ထားသေးတယ်။ အင်မတန်ပေါ်လွင်တဲ့ ဥပမာတွေပဲ"

"ဟုတ်ကဲ့ပါ"

"နောက်ဥပမာတစ်ခုက 'တစ်စပေါ်လျှင်၊ ချည်စငင်သို့' တဲ့၊ ကျက်မှတ်လေ့လာထားတဲ့ စာတွေကို ရွတ်ဖတ်ဟောပြောဖို့ ကြုံလာလျှင် ချည်ခင်က ချည်စကလေးတစ်စကို ဆွဲထုတ်လိုက်တဲ့အခါ ချည်တွေအလိုက်သင့် ပါလာသလိုပဲ စာတစ်ပုဒ်ကို အစဖော်လိုက်ရုံနဲ့ တစ်ပုဒ်လုံးအဆက်မပြတ် ကရားရေလွှတ်ရွတ်ဆိုနိုင်တဲ့ စွမ်းရည်မျိုးရှိဖို့ ပြောထားတာလေ"

"သိပ်ပေါ်လွင်တဲ့ ဥပမာတွေပဲနော် ဘဘ"

"ဒီတော့ ဒီဆုံးမစာဟာ စာသင်သားတွေ ဘယ်လိုပညာသင်ယူရမယ်ဆိုတာ လမ်းညွှန်ထားတဲ့ ပညာရေးစာပေ၊ ပညာရေးကဗျာတစ်ပုဒ်ပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"နောက်သာဓကေ ပြစရာက ရှင်မဟာသီလဝံသနဲ့ ရှင်မဟာရဋ္ဌသာရဆိုတဲ့ စာဆိုကြီးတွေ ရေးဖွဲ့ခဲ့တဲ့ ဆုံးမစာနှစ်စောင်ပဲကွဲ့။ ရှင်မဟာသီလဝံသက 'တိလောကဟု' အစချီတဲ့ ဆုံးမစာရေးတယ်။ ရှင်မဟာရဋ္ဌသာရက 'လက်သစ်တောင်တာ' အစချီတဲ့ ဆုံးမစာရေးတယ်။ သမီးဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးပါတယ် ဘဘ"

"ဒီဆုံးမစာနှစ်စောင်က ဘုန်းတော်ကြီးကျောင်းမှာ သာမဏေငယ်တွေ၊ ကျောင်းသားငယ်တွေ ပညာသင်ကြားရင်း ဆောင်ရွက်ရတဲ့ အလုပ်တွေ၊ ခံယူလိုက်နာရတဲ့ သဘောထားတွေကို ဖော်ပြနေတာမို့ တန်ဖိုးကြီးမားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ကျောင်းသားငယ်တွေနဲ့ သာမဏေတွေဟာ စာသင်သားအဖြစ် ပညာသင်ရင်း နေထိုင်စားသောက်ရေး၊ ပေါင်းသင်းဆက်ဆံရေးစတဲ့ လူမှုရေးတွေကို ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို ဆရာတော်နှစ်ပါးက လမ်းညွှန်ဆုံးမခဲ့တာပဲကွဲ့"

"ဟုတ်ကဲ့ ဘဘ"

"ရှင်မဟာသီလဝံသ ဆုံးမစာလို့ခေါ်တဲ့ 'တိလောကဟု' ဆုံးမစာအကြောင်းကို စပြောမယ်။ အသေးစိတ်တော့ သမီးအေးအေးဆေးဆေး လေ့လာကြည့်ပေါ့။ စာသင်တဲ့ ကိစ္စတင်မကဘူး၊ ဆရာသမား မိဘကို မျက်နှာသစ်ရေတို့၊ သွားတိုက်ဖို့တံပူတို့ နေ့တိုင်းစီစဉ်ပေးဖို့ကအစ ဘုရားဝင်းကျောင်းဝင်းမှာ သန့်ရှင်းရေးလုပ်ဖို့၊ သုံးရေ သောက်ရေ ခပ်တဲ့အခါ အကွက်ညီညီညွတ်ညွတ်သွားကြဖို့၊ စည်းကမ်းတကျ နေထိုင်စားသောက်ကြဖို့၊ လူကြီးရှေ့မှာ၊ ရဟန်းသံဃာတွေရှေ့မှာ နေပုံထိုင်ပုံ ပိပိပြားပြားရှိဖို့တွေကအစ အသေးစိတ်လမ်းညွှန်ထားတာလေ"

"ဟုတ်ကဲ့ပါ"

"တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်ဆက်ဆံကြဖို့၊ အလုပ်လုပ်ရင် မတွက်ကပ်ကြဖို့ ဆိုတာတွေလဲပါတယ်။ ဘဘတို့ ငယ်ငယ်ကတည်းက မှတ်မိနေတဲ့ အဆုံးအမတစ်ခုရှိတယ်။ 'ဟိနန္တာ၊ မဆဲ ကြနှင့်၊ ကြီးကငယ်ကို၊ နင်ဟယ်လို့မျှ မဆိုကြနှင့် 'တဲ့"

"ဟုတ်ကဲ့ပါ"

"အဓိပ္ပာယ်က တစ်ယောက်နဲ့ တစ်ယောက် ယုတ်ယုတ်မာမာ ဆဲဖို့ ဆိုဖို့ ဖယ်ထား ကြီးတဲ့သူက ငယ်တဲ့သူကို 'နင်'၊ 'ဟယ်'ဆိုတဲ့ စကားမျိုးတောင် ကြမ်းကြမ်းတမ်းတမ်း မပြောရဘူး–တဲ့။ ပြီးတော့ "သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ မတို့ကြနှင့်၊ ချစ်လှရှိသော၊ အချင်းချင်းကို၊ သင်တတ်စေဟု၊ မအေအရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူတူမှတ်ကုန်ကြ" တဲ့"

"ဟုတ်ကဲ့ပါ "

"တစ်ယောက်နဲ့တစ်ယောက် သတ်မယ် ပုတ်မယ်ဆိုတာမျိုး ဖယ်ထား၊ လက်ဖျားနဲ့တောင် မတို့ကြပါနဲ့တဲ့။ 'တစ်မအေတည်းက မွေးတဲ့ ညီအစ်ကိုအရင်းလို ချစ်ခင်ရမယ်'တဲ့"

"တော်တော်ကောင်းတာပဲနော် ဘဘ"

"စာသင်ရာမှာလဲ 'ကရောက် ကရက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေ သတ်သတ်၊ စိတ်ယူစွဲ၍ အမြဲမှတ်'တဲ့"

"စာကိုအာရုံမစိုက်ဘဲ စိတ်ကဟိုရောက်ဒီရောက် ကရောက်ကရက်ဖြစ်ရင် ကျက်ထားတဲ့စာတွေဟာ 'ကျက်ကျက်ပျောက်ပျောက်'ဖြစ်မယ်... တဲ့။ စိတ်ထဲမှာ စွဲနေအောင် ကျက်မှတ်ပါတဲ့"

"အသေးစိတ်ပဲနော်"

"ဟုတ်တယ်။ ပြီးတော့ ဆရာသင်တဲ့ဂါထာတွေကို ကြိုးစားပြီး ရအောင်ကျက်ဖို့၊ အချိန်တန်လို့ စာအံတဲ့အခါ စာအံတယ်ဆိုတာ စာကိုအသံထွက်ပြီး ရွတ်ဆိုတာကိုပြောတာ၊ အဲဒီအခါမှာ မျက်နှာမသာမယာဖြစ်ပြီး မျက်နှာတခြား၊ စာတခြားဖြစ်နေတာမျိုး၊ တသောသော ရယ်မောနေတာမျိုးလဲ မလုပ်ပါနဲ့တဲ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့၊ 'စကားဆိုထွေ ပီလှစေ'ဆိုတဲ့အတိုင်း စာအံစာဖတ်တဲ့အခါ၊ စကားကိုပီပီသသ အသံထွက်ပြီးဆိုပါတဲ့။ နောက်စာရေးသားတာနဲ့ ပတ်သက်ပြီး ဆုံးမထားတာ တစ်ချက်ရှိတယ်"

"ပြောပြပါ ဘဘ"

"'သင်ပုန်းထမ်းရွက်၊ ပေထက်စီကာ၊ ရေးသော အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှစေ'တဲ့"

"အဓိပ္ပာယ်က 'သင်ပုန်း ထမ်းရွက်'ဆိုတာက သစ်သားသင်ပုန်းတွေနဲ့ရေးရတော့ ကျောင်းသားငယ်တွေက သင်ပုန်းတွေကြီးနေရင် ထမ်းတဲ့အခါ ထမ်း၊ ရွက်တဲ့အခါရွက်ပြီးသယ်ရတာကို ပြောတာလေ။ အဲဒီလို သင်ပုန်းမှာ ရေးရေး၊ ပေရွက်မှာ ရေးရေး ၊ အက္ခရာကို သေချာအောင် ဆွဲပါ၊ လက်ရေးလှလှရေးပါလို့ ပြောတာကွဲ့"

"ဟုတ်ကဲ့ပါ။ လက်ရေးလှဖို့ကအစ အသေးစိတ်လမ်းညွှန်ထားတာပဲနော် ဘဘ"

" ဟုတ်တယ်။ ပြောမယ်ဆိုရင်တော့ အများကြီးပေါ့ကွယ်။ အခုပြုံးစရာကလေးတစ်ခုကို ပြောမယ်။ ကဲ–သမီးပဲ ဒီအပိုဒ်ကလေး ဖတ်ကြည့်လိုက်ပါ"

" 'ရေခပ်သွားလည်း၊ ကစား၍သာ မနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ် ရေဒဏ်၊ ပေးရန်မှန်သည်၊ ခံမည်သာကြံတော့ မင်းတို့ကျော'တဲ့"

"ကျောင်းသားကလေးတွေက သောက်ရေ သုံးရေအတွက် ချောင်းကမ်း မြစ်ကမ်းမှာ ရေသွားခပ်ရတယ်။ အဲဒါ ကလေးသဘာဝ ရေခပ်ရင်း ကစားနေတတ်ကြတာမို့ သတိပေးတာလေ။ ရေခပ်ရင်း ကစားမနေကြနဲ့တဲ့။ ကစားနေရင် သဲဒဏ် ရေဒဏ် အပေးခံရမယ်တဲ့။ အရိုက်လဲခံ ရမယ်တဲ့။ ဒါကြောင့် အရိုက်ခံဖို့ မင်းတို့ကျောကုန်းကိုသာ အသင့်ပြင် ထားကြပေတော့လို့ ရေးထားတာလေ"

"နားလည်ပါပြီ ဘဘ။ ကျောင်းသားသဘာဝပေါ်လွင်အောင် ရေးထားတာနော်"

"ကဲ... ဒီတစ်ပတ်တော့ ဒီလောက်နဲ့ပဲ နားကြစို့ကွယ်"

## တပ်ကုန်းမြို့နယ်ရှိ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

တပ်ကုန်း မေ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေရိပ်သာကျေးရွာ၊ ကံကြီးကျေးရွာ၊ နောင်ဘိုအိုးကျေးရွာ၊ လက်ပံပုကျေးရွာ၊ ကြပ်ချောင်းကျေးရွာများတွင် လေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့က အိမ်ထောင်စုများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

### လေဘေးသင့်အိမ်ထောင်စုဝင်များကို ထောက်ပံ့

အဆိုပါ ထောက်ပံ့ငွေပေးအပ်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထင်ဦး၊ ဥတ္တရခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်၊ ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ တပ်ကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးနိုင်လင်း၊ ဒေါက်တာခင်မောင်ထွန်းတို့က လေဘေးသင့်အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားပြီး အောင်မြေရိပ်သာကျေးရွာ လူနေအိမ် ၃၅ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၂၆၁၀၀၀၊ ကံကြီးကျေးရွာ လူနေအိမ် ရှစ်လုံး၊ နောင်ဘိုအိုးကျေးရွာ လူနေအိမ် ၂၁ လုံး၊ လက်ပံပုကျေးရွာလူနေအိမ် သုံးလုံးအတွက် ထောက်ပံ့ငွေကျပ် ၁၂၈၆၀၀၊ ကြပ်ချောင်းကျေးရွာ လူနေအိမ် ငါးလုံးအတွက် ထောက်ပံ့ငွေကျပ် ၃၆၄၁၀၀ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

တင်စိုးလွင်

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ လျှပ်စစ်မြစ်ရေတင်နှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ဦးအောင်သန်းဦး၊ ဦးဇော်ဝင်း၊ ဦးငွေးအောင်တို့သည် မေ ၁၂ ရက်က လျှပ်စစ်မြစ်ရေတင်၊ ကမ်းပြိုကာကွယ်ရေး၊ ဥတို စိုက်ပျိုးမွေးမြူရေးနှင့် မင်္ဂလာဒုံငါးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ်ရှိ ကန်ကလေးလျှပ်စစ်ရေတင် လက်တံမြောင်းနှင့် ကန်ကလေးလျှပ်စစ် မြစ်ရေတင်လုပ်ငန်း Pump Station 1၊ ကြို့ကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ဇကာချောင်း တူးဖော်ခြင်းလုပ်ငန်းများနှင့် တိုက်ကြီးမြို့နယ် အိုင်ကလောင်လျှပ်စစ် မြစ်ရေတင်စီမံကိန်းလုပ်ငန်း၊ သပြေတန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်သန်းတို့က ဒေသခံကျေးရွာများသို့ ဆည်မြောင်းများမှတစ်ဆင့် ရေပေးဝေနေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ လျှပ်စစ်မြစ်ရေတင် ရရှိသောလယ်မြေများတွင် နွေစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့၏ ရေဝတီအရှေ့ဘက် အဖျောက်ရေကာတာ၊ ကြွေပန်းကန် ချောင်းတာ၊ ပိတုန်းပိတ် ကမ်းတာများ၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အဖျောက်ရေကာတာ၊ ကြွေပန်းကန် ချောင်းတာ၊ ပိတုန်းပိတ်ကမ်းနားတာများ၏ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ရေတားနံရံတည်ဆောက်ခြင်း၊ တာဖိနပ်ခံခြင်း၊ နှုန်းဖမ်း လှိုင်းကာ တန်းရိုက်ခြင်း၊ တာပြုပြင်ခြင်းများနှင့် ပန်းတာလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ ရေဝတီမြစ်အရှေ့ဘက်ကမ်း အဖျောက်တာ၏ နှစ်အလိုက်အမြင့်ဆုံး မြစ်ရေမှတ်တမ်းတင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လာမည့်မိုးရာသီ ရေဝတီမြစ်ရေကြီးချိန်တွင် အဖျောက်မြို့ရေဘေးအန္တရာယ် မကျစေရန် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဖျောက်မြို့လောကမာန်အောင်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့ပြီး ပိဋကတ်ကျောက်စာများကို လေ့လာကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံ

မကွေး မေ ၁၅

**မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် မေ ၁၃ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မကြာမီကာလအတွင်း အခြေခံပညာကျောင်းများဖွင့်လှစ်မည်ဖြစ်သည့်အတွက် ကျန်းမာရေးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး အတွက် ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးကို ဌာနဆိုင်ရာများ အားလုံးက ဝိုင်းဝန်းဆောင်ရွက် ပေးစေလိုကြောင်း၊ တရားဥပဒေ စိုးမိုးနိုင်ရန် ဧည့်စာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပြီး ထူးခြားမှုရှိပါက အထက်ဌာနအဆင့်ဆင့်သို့ အချိန်မီ သတင်းပို့တင်ပြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ရေအခက်အခဲဖြစ်ပေါ်နေသည့် ကျောင်းများရှိပါကလည်း တင်ပြပေးစေလိုကြောင်း၊ အခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျေးရွာများရှိ လမ်းများမှာ ကျဉ်းမြောင်းသည့်အတွက် မီးသတ်ကားများ ဝင်ထွက်သွားလာနိုင်အောင် ပြင်ဆင်ဆောင်ရွက်ပေး စေလိုကြောင်း၊ မိမိတို့ တိုင်းပြည်သည် စိုက်ပျိုးရေးကို အခြေခံသည့် တိုင်းပြည်ဖြစ်၍ စိုက်ပျိုးရေးကို အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးအောင်မြင် ဖြစ်ထွန်းရန်မှာ စိုက်ပျိုးရေရရှိရန် လိုအပ်ပြီး ရာသီဥတု မှန်ကန်ဖို့လိုကြောင်း။

အခုကာလ၌ ကျန်းမာရေးဝန်ထမ်း အများစုမှာ CDM တွင် ပါဝင်နေကြသဖြင့် ဆေးရုံဆေးပေးခန်းများမှာ ကျန်းမာရေးဝန်ထမ်းများ မရှိ၍ ဆေးရုံဆေးခန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အပြစ်မဲ့သည့် ပြည်သူများမှာ မသေဆုံးသင့်ဘဲ သေဆုံးခဲ့ကြသည်ကို စိတ်မကောင်းစွာ တွေ့ရှိရကြောင်း၊ ဝန်ထမ်းများအနေဖြင့် အုပ်ချုပ်သူပြောင်းလဲခဲ့သော်လည်း မိမိတို့မှာ ဝန်ထမ်းဖြစ်သည့်အတွက် ဝန်ထမ်းအလုပ်ကိုသာ လုပ်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာခံဌာန်တွင် နိုင်ငံဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်ပါမည်ဟု သစ္စာပြုထားပြီးလည်း ဖြစ်ကြောင်း၊ CDM ပြုလုပ်သည့် ဝန်ထမ်းများသည် ဖမ်းဆီးခံရမည်ကို ကြောက်လန့်၍ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ခြင်း မရှိဘဲ တိမ်းရှောင်နေ မှုများရှိကြောင်း သိရှိရသဖြင့် ရက်သတ်မှတ်ကာ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများမှာ အဓိကကျကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ထားရှိ

**မော်လမြိုင်ကျွန်း မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီးမော်လမြိုင်ကျွန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများကို မြို့နယ်အားကစားခန်းမသစ်၌ ဖွင့်လှစ်ထားရှိသည်။

“ကျန်းမာခြင်းသည် လာဘ်တစ်ပါး မှန်မှန်လှုပ်ရှားလူတိုင်းအတွက် အားကစား” ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျန်းမာကြံ့ခိုင်မှုရရှိပြီး နိုင်ငံတော်အတွက် အားကိုး အားထား ပြုရမည့် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ဖြစ်ပေါ်လာစေရေး၊ မိမိကိုယ်ကိုယ်ယုံကြည်မှု ရှိလာစေရေးများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရရှိရေး၊ အမိန့်နာခံတတ်မှု၊ သန့်ရှင်းသောစိတ်ဓာတ် အစရှိသော အခြေခံကောင်းများ ရရှိစေရေးအတွက် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး အဆိုပါ အားကစားသင်တန်းတွင် ဘောလုံး၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့ အားကစားနည်းများကို ဖွင့်လှစ်ထားရှိသည်။



အဆိုပါ နွေရာသီအားကစားသင်တန်းများကို မေ ၁၁ ရက်မှ ၂၅ ရက်အထိ ညနေ ၄ နာရီမှ ၅ နာရီခွဲအတွင်း ကျောင်းသားကျောင်းသူများအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

# မြန်မာပြည်တောင်ဘက်စွန်းက မော်ကင်း( ခေါ် )ဆလုံလူမျိုးတို့ ပျော်စံရာ

**အောင်သပြေ**

မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင်လှပသော နိုင်ငံဖြစ်သည်။ သဘာဝအရင်းအမြစ်ပေါကြွယ်ဝပြီး မြေပြန့်ဒေသ၊ တောင်ပေါ်ဒေသနှင့်ပင်လယ်ကမ်းရိုးတန်းကိုပိုင်ဆိုင်ထားသော နိုင်ငံလည်းဖြစ်သည်။ မျှတသော ဥတုသုံးခုကို ပိုင်ဆိုင်ထားသောကြောင့် သဘာဝနှင့် လိုက်လျောညီစွာ နေထိုင်နိုင်သော တိုင်းပြည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပျူ၊ မြန်မာ၊ မွန်၊ သက် ဟူ၍ လူမျိုးကြီးလေးမျိုးရှိခဲ့သည်။ မြန်မာပြည်တောင်ဘက်စွန်း မြိတ်ကျွန်းစုနှင့် ကော့သောင်းခရိုင်ကျွန်းစုတို့တွင် နေထိုင်သော ဆလုံလူမျိုးတို့သည် သက်လူမျိုးမှ ဆင်းသက်လာသည်ဟု အဆိုရှိသည်။ ထိုဆလုံတိုင်းရင်းသားတို့ကို ‘မော်ကင်း’ဟုလည်း ခေါ်ကြသည်။ ပင်လယ်ပြင်တွင် ကျက်စားနေထိုင်ကြသောကြောင့် မော်ကင်း ဟုခေါ်ဆိုခြင်းဖြစ်သည်။ ပေါ့ပါးသောသစ်သားဖြင့် တည်ဆောက်ထားသောရိုးရာ‘ကဗန်း’လှေတွင် မိသားစုလိုက်နေထိုင်ပြီး ထိုလှေကို အိမ်သဖွယ် အထိုင်ကျနေထိုင်ကာ ပင်လယ်ပြင်တွင် လှည့်လည်နေထိုင်သူများဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ဆလုံလူမျိုးပါဝင်ပြီး ယခုအခါလူဦးရေ ၂၀၀၀ ခန့်သာ ကျန်ရှိသောကြောင့် လူဦးရေအနည်းဆုံး လူမျိုးစုအဖြစ် မြန်မာပြည်တောင်ဘက်စွန်းပင်လယ်ပြင်နှင့် ကျွန်းစုတို့တွင် နေထိုင်လျက်ရှိသည်။

**ဒေသတွင်းနိုင်ငံများအကြားပိုမိုထင်ရှား**

၁၉၈၀ ပြည့်နှစ်တွင် ဆလုံတို့နေထိုင်ရာ ပုလဲကျွန်းမှအိမ်ထောင်စု ၅၆ စုကို ဖယ်ရှားခဲ့ရာ အချို့မှာ ထိုင်းနိုင်ငံသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီး၏ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင်တွင်ရှိသော ကျွန်း ၁၂ ကျွန်းတွင် ဆလုံလူမျိုးတို့ နေထိုင်လျက်ရှိသည်။ ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် နေထိုင်သူများဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် မိသားစုလိုက် ကျက်စားနေထိုင်သော ဆလုံလူမျိုးတို့ကို ကမ္ဘာကသတိပြုမိခဲ့သည်မှာ ၁၉၆၂ ခုနှစ် မတိုင်မီကာလက ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ပင်လယ်ပြင်တွင်နေထိုင်မှု ကျဉ်းမြောင်းလာခြင်း၊ ဆလုံတို့နေထိုင်သောကျွန်းများ ဧရိယာနည်းလာခြင်းတို့ကြောင့် ထူးခြားသောလူနေမှုပုံစံကို ပိုင်ဆိုင်ထားသည့်ဆလုံလူမျိုးတို့ တဖြည်းဖြည်းလျော့ပါးလာသည်မှာ သတိပြုဖွယ်ပင်ဖြစ်သည်။ တစ်ချိန်တွင် လူမျိုးစုတစ်စုပျောက်ကွယ်နိုင်မှုကို ကြိုတင်သတိပြုခြင်းဖြင့် နိုင်ငံ၏ ခရီးသွားကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ပင်လယ်ပြင်ကျွန်းစုတို့တွင် အပန်းဖြေဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းသည် ဒေသဖွံ့ဖြိုးဝင်ငွေတိုးစေမည့်အပြင် ဒေသခံတို့၏ လူမှုစီးပွားဘဝများ အချိန်တိုအတွင်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ဖော်ဆောင်ခြင်းသည် မြန်မာပြည်၏ ခရီးသွားဒေသတို့တွင် မြိတ်ကျွန်းစုနှင့် ကော့သောင်းခရိုင်မှာ ခရီးသွားဝင်ငွေ အများဆုံးရရှိရာ နေရာတစ်ခုအဖြစ် ဒေသတွင်း နိုင်ငံများကြား ပိုမိုထင်ရှားလာမည်မှာ အမှန်ပင်ဖြစ်သည်။



ဆလုံလူမျိုးများ နတ်ကွန်းတွင် နတ်ပူဇော်နေစဉ်။ ဓာတ်ပုံ - ဇွဲမာန်

**လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်**

ပင်လယ်ပြင်တွင် လှည့်လည်ကျက်စားသောကြောင့် ဆလုံတို့သည် ပင်လယ်ပျော်များ ဖြစ်ကြပြီး အများအားဖြင့် ပင်လယ်စာကိုသာ အများဆုံးစားသုံးကြသည်။ ၂၀၁၉ ခုနှစ် စစ်တမ်းအရ ဆလုံလူဦးရေ ၁၇၀၀ ခန့်သာကျန်ရှိပြီး ယခုအခါ လူဦးရေ ၂၀၀၀ ခန့်တိုးလာလျက် ရှိသည်။ ပင်လယ်ပြင်နှင့် ကျွန်းတို့တွင် လှည့်လည်နေထိုင်သည့်အတွက် ငှက်ဖျားနှင့် အစာအာဟာရချို့တဲ့သောရောဂါဖြစ်လေ့ရှိသည်။ ပင်လယ်ပြင်ကို အမှီပြုနေထိုင်သော မော်ကင်း(ခေါ်) ဆလုံလူမျိုးတို့ ပျောက်ကွယ်မှုမရှိစေရန် အမျိုးသားရေးအသွင်ဖြင့် ကာကွယ်စောင့်ရှောက်မှုသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် အမျိုးသားယဉ်ကျေးမှုတစ်ရပ်ကို လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။

**နိုင်ငံပုံရိပ်ကို မြှင့်တင်ဂုဏ်ယူစေလျက်**

ဆလုံလူမျိုးတို့သည် သမိုင်းကြောင်းအရ ရှေးယခင်က မလေးကျွန်းဆွယ်တွင် နေထိုင်ကြပြီး လုယက်တိုက်ခိုက်မှုတို့ကြောင့် မြိတ်ကျွန်းစုသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ ကော့သောင်းခရိုင်အတွင်းရှိကျွန်းစုတို့တွင် ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ ရိုးရာလှေဖြင့် မိသားစုလိုက်ပင်လယ်ပြင်တွင် လှည့်လည်နေထိုင်စဉ် ရာသီဥတုဆိုးရွားလာပါက ဟိန်းဇဲ၊ ဘုတ်ကျွန်း၊ မောင်းမကန်၊ ရှင်းမွန်၊ မလိ၊ ပျဉ်ကြီး၊ ကဒန်၊ ဒုံးကျွန်း၊ ဝါးကျွန်း၊ လန်ပိ၊ မီးစင်၊ ပင်လယ်အော်ကျွန်းနှင့် အခြားသော ကျွန်းစုတို့၏ လေကွယ်ရာအရပ်တွင် ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ကြလေ့ရှိသည်။ ဆလုံလူမျိုးတို့သည် တနင်္သာရီတိုင်းဒေသကြီးအတွက် သာမက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးဖြတ်၍မရသော ဂုဏ်ယူဖွယ်ပြယုဂ်တစ်ခုလည်းဖြစ်သည်။ ပင်လယ်ပြင်တွင် ဘဝကို ရိုးရှင်းစွာနေထိုင်ဖြတ်သန်းကြပြီး မွေးကင်းစအရွယ်တွင် ချက်ကြိုးဖြတ်ပြီးပါက ပင်လယ်တွင် သုံးကြိမ်နှစ်၍ ပင်လယ်ပြင်ကြီးက အသိအမှတ်ပြုရန်နှင့် ရေနှင့်ရင်းနှီးကျွမ်းဝင်စေရန် လုပ်ဆောင်လေ့ရှိသည်။ ၁၉၆၄ ခုနှစ်အထိ ထိုသို့လုပ်ဆောင်ခဲ့ကြသည်။ အချို့သော ကလေးငယ်များ သေဆုံးခြင်းကြောင့် ထိုသို့လုပ်ဆောင်မှု ပျောက်ကွယ်ခဲ့သော်လည်း ဆလုံ ကလေးငယ်တို့မှာ ပင်လယ်ပြင်တွင် ရေကူး၊ ရေငုပ် ကျွမ်းကျင်သူများအဖြစ် ယနေ့တိုင် ယင်းတို့၏ ရိုးရာအမွေကို ထိန်းသိမ်းထားလျက်ရှိသည်။ ဆလုံတို့သည် ပင်လယ်ပြင်၏ အပြောင်းအလဲကို ကြိုတင်သိရှိလေ့ရှိပြီး ပင်လယ်ရေအောက်တွင် အကူပစ္စည်းမပါဘဲ ရေငုပ်နိုင်ခြင်းနှင့် ပင်လယ်ပြင်တွင် ကျက်စားနေထိုင်နိုင်ခြင်းတို့ကြောင့် ကမ္ဘာက စိတ်ဝင်စားခဲ့ခြင်းဖြစ်ရာ ထို့ကြောင့် ယင်းတို့ကို ‘Sea gypsies’ ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။ ထို ‘Sea gypsies’ ဟုခေါ်သော မော်ကင်း(ခေါ်) ဆလုံလူမျိုးတို့သည် နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ဂုဏ်ယူစေလျက်ရှိသည်။

**အကူပစ္စည်းမပါဘဲ အထူးကျွမ်းကျင်သူများ**

ဆလုံတို့ ကျွန်းပေါ်နေထိုင်ချိန်တွင် ပဒို(ခေါ် ) ကျောက်ပိုးကို ကျောက်ဆောင်များကြားမှ သံချွန်ဖြင့်ခွာ၍ မြို့ပေါ်တွင် ရောင်းချလေ့ရှိသည်။ ပင်လယ်စာအဖြစ် ဟိုတယ်များတွင် နာမည်ကြီးသောကြောင့် ထိုလုပ်ငန်းကိုအခြားသူများ လုပ်ကိုင်လာကြရာမှ ယခုအခါပင်လယ်စာကျောက်ပိုးများ ရှားပါးလာလျက်ရှိသည်။ မြန်မာအခေါ် ကျောက်ခရုဟု ခေါ်ဆိုရမည်ဖြစ်သည်။ ထိုကျောက်ပိုးတို့ကို ပီနန်ပိုက်အိတ်အတွင်းထည့်၍ ပြုတ်ပြီးပါက အခြောက်လှန်း အသုံးပြုခြင်းဖြစ်သည်။ ခြောက်သွားသော ကျောက်ပိုးကို ပင်လယ်စာအဖြစ် ဟင်းချို၊ အကြော်အလှော်နှင့် အချဉ်သိပ် စားသုံးလေ့ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၀ ကျော်ဈေးရှိသောကြောင့် ထိုလုပ်ငန်းကို လုပ်ကိုင်သူများလာခြင်းဖြစ်သည်။ ကျွန်းပေါ်တွင် နေထိုင်စဉ် ကျောက်ပိုးများကို ကျောက်ဆောင်မှခွာ၍ ဆလုံတို့ချက်ပြုတ်စားသောက်ကြပြီး ပင်လယ်ပြင်တွင် နေထိုင်စဉ် ကျောက်ဆောင်များအတွင်းရှိ ကုန်းနေ၊ ရေနေ သတ္တဝါတို့ကိုလည်း စားသောက်လေ့ရှိသည်။ ထိုသို့ စားသောက်ရာတွင် ဆီသုံးစွဲမှုနည်းသောကြောင့် ဆလုံလူမျိုးအများစုမှာ သွေးတိုးရောဂါကင်းဝေးခြင်း ဖြစ်သည်။ ကျွန်းများတွင် ဆလုံမုန့်လာ၊ မုန့်ညင်းနှင့် ကန်စွန်းရွက်တို့ အလေ့ကျပေါက်လျက်ရှိပြီး အရွက်၊ အသား အနည်းငယ်ထူသည်မှလွဲ၍ မြေပြန့်က ဟင်းသီးဟင်းရွက်တို့နှင့် ပုံစံအတူတူပင်ဖြစ်သည်။ ဆလုံတို့ ပင်လယ်ပြင်တွင် ရေနေသတ္တဝါတို့ကို ဖမ်းဆီးနိုင်ရုံသာမက ကျောက်ဆောင်များကြားအတွင်းရှိ ငှက်သိုက်နှင့် ပျားအုံတို့ကို ယူဆောင်ရာ၌ အထောက်အကူပစ္စည်းမပါဘဲ အထူးကျွမ်းကျင်သူများဖြစ်သည်။

**ခရီးသွားလုပ်ငန်းကို ပိုမိုဆွဲဆောင်နိုင်**

ပင်လယ်ပြင်၌ လှည့်လည်ကျက်စားချိန်တွင် ပင်လယ်ခရု၊ ကမာကောင်၊ ကင်းမွန်၊ ပင်လယ်ရေမျော်၊ ပုလဲ၊ ငါးကြီးအန်ဖတ်၊ ငှက်သိုက်၊ ပျားရည်နှင့် ဆေးဖက်ဝင်အပင်တို့ ရှာဖွေရောင်းချလေ့ရှိသည်။ ပင်လယ်ပြင်ကိုအမှီပြု၍ ဝမ်းစာရှာဖွေလေ့ရှိသောကြောင့် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေရှာခြင်းကို စိတ်ဝင်စားမှုနည်းခြင်းဖြစ်သည်။ အခြားသူတို့နှင့် ရောနှောနေထိုင်မှုမရှိဘဲ ရေလုပ်ငန်းဖြင့်သာ ဝမ်းစာရှာဖွေခြင်းတို့ကြောင့် ဆလုံလူမျိုးတို့သည် မြို့ပြလူနေမှုနှင့် ဝေးကွာနေဆဲဟု ဆိုရမည်ဖြစ်သည်။ လုံချည်တစ်ထည်၊ ပုဆိုးတစ်ကွင်းဖြင့် မူလရိုးရာအတိုင်း နေထိုင်လာရာမှ အဝတ်အစား အပြည့်အစုံဝတ်ဆင်ခြင်း၊ မိုန်းတစ်ချောင်းဖြင့် ဝမ်းစာရှာရာမှ မိုင်းခွဲရှာဖွေခြင်း၊ အဆိပ်ချရှာဖွေခြင်းတို့ ပြောင်းလဲလာမှုသည် မူလယဉ်ကျေးမှုကို ထိခိုက်နိုင်လျက်ရှိသည်။ ခြေတံရှည်ဝါးတဲများနေရာ၌ ပျဉ်ထောင်သွပ်မိုးနေအိမ်များ ပြောင်းလဲလာခြင်းသည် လူနေမှုပုံစံ တိုးတက်ပြောင်းလဲလာမှုကို ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သော်လည်း နိုင်ငံခြားသားများ စိတ်ဝင်စားသည့် လူနေမှုပုံစံနှင့် ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သည်။

**နတ်ပူဇော်သော ဓလေ့**

ဆလုံတို့သည် နတ်ဆိုး၊ နတ်ကောင်းနှစ်မျိုးကို ယုံကြည်ပြီး ယနေ့တိုင် နတ်ပူဇော်သောဓလေ့ကို ထိန်းသိမ်းထားဆဲဖြစ်သည်။ နတ်ဆရာသည် ဆလုံတို့အတွက် အရေးပါသောသူလည်း ဖြစ်သည်။ ပြောင်းလဲလာသောခေတ်နှင့်အညီ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ၊ ဆေးခန်းသို့ ပြသမှုရှိသော်လည်း ဖျားနာ၊ သေဆုံးမှုတွင် နတ်ဆရာညွှန်ကြားသည့်အတိုင်း ဆောင်ရွက်လေ့ရှိသည်။ ပျော်ပွဲရွှင်ပွဲနှင့် မင်္ဂလာအခမ်းအနားမကျန် နတ်ဆရာ၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိသည်။ နတ်ဖမ်းစားမှုကင်းဝေးစေရန် နှစ်စဉ်နတ်ကွန်းတွင် နတ်ပူဇော်လေ့ရှိသည်။

*စာမျက်နှာ ၂၃ သို့*

- **မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ဆလုံလူမျိုးပါဝင်ပြီး ယခုအခါ လူဦးရေ၂၀၀၀ ခန့်သာ ကျန်ရှိသောကြောင့် လူဦးရေအနည်းဆုံး လူမျိုးစုအဖြစ် မြန်မာပြည် တောင်ဘက်စွန်း ပင်လယ်ပြင်နှင့် ကျွန်းစုတို့တွင် နေထိုင်လျက်ရှိ**
- **ပင်လယ်ပြင်တွင် လှည့်လည်ကျက်စားသောကြောင့် ဆလုံတို့သည် ပင်လယ်ပျော်များဖြစ်ကြပြီး အများအားဖြင့် ပင်လယ်စာကိုသာ အများဆုံးစားသုံးကြ**

# စစ်ကိုင်းမြို့ တိလောကဂုရုလိုဏ်ဂူတော်အတွင်းရှိ ညောင်ရမ်းခေတ်လက်ရာ အမွေအနှစ် နံရံဆေးရေးပန်းချီများအား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း မေ ၁၅**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတပန်ရပ်ကွက် တိလောကဂုရုချောင်တွင် တည်ရှိသည့် ရှေးဟောင်းအဆောက်အအုံ တိလောကဂုရု လိုဏ်ဂူတော်အတွင်းရှိ ညောင်ရမ်းခေတ်လက်ရာအမွေအနှစ် နံရံဆေးရေးပန်းချီများအား ရေရှည်တည်တံ့စေရန် ယခုဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်ကိုင်းဌာနခွဲမှ) သိရသည်။

အဆိုပါ လိုဏ်ဂူအတွင်းရှိ နံရံဆေးရေးပန်းချီများမှာ အေဒီ ၁၇ နှစ်ရာစု ညောင်ရမ်းခေတ်အနုပညာလက်ရာများဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၅၀ ခန့်ကြာမြင့်လာသည့်အတွက် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၀ ကျော်သုံးစွဲကာ ပြီးခဲ့သည့် မတ်လအတွင်းမှစတင်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာ လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဌာနမှ ဒုတိယဦးစီးမှူး ဦးလှညွန့်က ပြောသည်။




"လိုဏ်ဂူအတွင်းမှာ ပွင့်တော်မူပြီးတဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားတွေရဲ့ ပုံတော်တွေ၊ ဇာတ်တော်ကြီး ၁၀ ဘွဲ့ပါ ဇာတ်တော်တွေအပါအဝင် ဇာတ်တော်ကြီးပေါင်း ၃၀ ကျော်ကို ပန်းချီပညာနဲ့ ရေးဆွဲပုံဖော်ထားတဲ့အပြင် ဂူအမိုးတွေမှာလည်း ကြာပွင့်ပုံစံအကွက်တွေနဲ့ ဂူအတွင်းမှာရှိတဲ့ ဂန္ဓကုဋိတိုက်အဝင်အမိုးမှာ ဗုဒ္ဓခြေတော်ရာကို ရေးဆွဲထားခဲ့ပါတယ်။ ဒါကြောင့် သမိုင်းအမွေအနှစ်အဖြစ် တည်ရှိနေတဲ့ နံရံဆေးရေးပန်းချီတွေကို ရေငွေ့ရိုက်ပြီး ပျက်စီးမှုမရှိစေဖို့ ခေတ်မီဓာတုပစ္စည်းတွေနဲ့ နည်းပညာရပ်တွေ အသုံးပြုပြီး စနစ်တကျပြုပြင်ထိန်းသိမ်းမှုတွေကို ဆောင်ရွက်နေပါတယ်။ ဒီလိုဏ်ဂူတော်ကို လာရောက်လေ့လာမယ်ဆိုရင် လိုဏ်ဂူတော်ကို ထွင်းထုထားတဲ့ ညောင်ရမ်းခေတ်ရဲ့ ထူးခြားတဲ့ ဗိသုကာပညာရပ်တွေကို လေ့လာကြည့်ရှုနိုင်မယ့်အပြင် ဂူအတွင်းမှာလည်း ညောင်ရမ်းခေတ်မှာ ရေးဆွဲခဲ့တဲ့ နံရံဆေးရေးပန်းချီအနုပညာလက်ရာတွေကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

စစ်ကိုင်းမြို့ရှိ တိလောကဂုရု လိုဏ်ဂူတော်ကို သက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရပြီး စာပေမှတ်တမ်းများအရ သက္ကရာဇ် ၉၆၇ ခုနှစ် အနောက်ဘက်လွန်မင်းလက်ထက်ကတည်းက ယင်းအဆောက်အအုံမှာ တည်ရှိနေသည်ဟု ပြောဆိုမှုများရှိကြောင်း၊ လိုဏ်ဂူတော်မှာ ကျောက်သားဖြင့်သာမက အုတ်များဖြင့်ပါ ထည့်သွင်းထွင်းထုထားသည့် ညောင်ရမ်းခေတ်၏ ထူးခြားသော ဗိသုကာလက်ရာတစ်ခုဖြစ်ကြောင်းနှင့် လိုဏ်ဂူအတွင်းသို့ ဝင်ရောက်ရန် ဝင်ပေါက်သုံးပေါက်ပါရှိပြီး ဂူအတွင်း၌ တရားထိုင်ခန်း ခြောက်ခန်း၊ ဂန္ဓကုဋိတိုက်နှင့် စင်္ကြံလျှောက်လမ်းများပါရှိကာ ဂူအတွင်းတစ်လျှောက်၌ နံရံဆေးရေးပန်းချီများ ရေးဆွဲထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒလမြို့နယ်၌ လယ်ယာမြေဧက ၁၈၅၀ ကျော် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည့် ကမာအောင်ချောင်းသွယ် တူးဖော်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဒေသခံတောင်သူများ၏ လယ်ယာမြေဧက ၁၈၅၀ ကျော် ရေဝင်နစ်မြုပ်မှုနှင့် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည့် ကမာအောင်ချောင်းသွယ် တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ အရှည် ၅၀၁၆ ပေ တူးဖော်ပြီးစီးကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကမာအောင်ချောင်းသွယ် တူးဖော်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး ရဲချောင်းဝကျေးရွာ၊ ညောင်ငုတ်တိုကျေးရွာနှင့် သပြေကုန်းကျေးရွာတို့သို့ ဆက်သွယ်ထားသည့် ကမာအောင်ချောင်းသွယ်တစ်လျှောက်ရှိ အကျယ် ၂၂ ပေ၊ အောက်ခြေ ၁၆ ပေ၊ အနက် ၃ ပေခွဲ ဖြင့် အရှည်ပေ ၅၀၁၆ ပေ ကို တူးဖော်ပြီးစီးကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသော အပိုင်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တူးဖော်ဆောင်ရွက်ပေးနိုင်ရန် လျာထားကြောင်း သိရသည်။

ရန်ကုန်မြစ်၏ လက်တက်ခွဲဖြစ်သည့် ကမာအောင်ချောင်းမှ တစ်ဆင့် ဒလမြို့နယ်အတွင်းရှိ ရဲချောင်းဝကျေးရွာ၊ ညောင်ငုတ်တိုကျေးရွာနှင့် သပြေကုန်းကျေးရွာ၊ ပျော်ဘွယ်ကြီးကျေးရွာများသို့ တစ်ဆက်တည်း ဆက်သွယ်ဖောက်လုပ်ထားသော ကမာအောင်ချောင်းသွယ်တစ်လျှောက် စုစုပေါင်း အရှည်ပေ ၃၇၀၀၀ ကျော်ရှိပြီး မိုးရာသီကာလအတွင်း တောင်သူများ၏ လယ်ယာမြေသီးနှံများ စိုက်ပျိုးရာတွင် ရေနစ်မြုပ်မှုနှင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် တူးဖော်ပေးခြင်းဖြစ်ကြောင်း၊ ထို့အတူ နွေရာသီ ဆန်စပါးသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ရန်ကုန်မြစ်ရေစီးဆင်းလျက်ရှိသော ကမာအောင်ချောင်းမှ ရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးနိုင်ရေးအတွက် တင်ပြထားကြောင်း၊ သို့မှသာ ရေငန်စီးဝင်မှုမရှိဘဲ ရေချိုသိုလှောင်နိုင်မည် ဖြစ်ခြင်းကြောင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း၊ နွေစပါးအပြင် အခြားသီးနှံများ တွဲဖက်စိုက်ပျိုးခြင်းဖြင့် တောင်သူဦးကြီးများ၏ ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



**နိုင်လင်းကျော်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ကျောင်းကုန်း မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

## စုပေါင်းသန့်ရှင်းရေး ပြုလုပ်

လာမည့် ဇွန် ၁ ရက်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းနှင့်ဝန်းကျင် သာယာလှပစေရေးအတွက် ယခုလို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြီးကြပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးဆောင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

ထိုပူဇော်ပွဲတွင် ပြောင်း၊ စပါး၊ ပျားရည်၊ အရက်၊ ကြက်၊ ပင်လယ်လိပ်၊ ဆိတ်၊ ဘဲသွေးတို့ဖြင့် နတ်ဆရာအစီအမံအတိုင်း ပူဇော်လေ့ရှိသည်။ မင်္ဂလာဆောင်နှင့်အခြားသော ပျော်ပွဲရွှင်ပွဲတို့တွင် မီးပုံပွဲဖြင့် စုပေါင်းကခုန်လေ့ရှိသည်။ ရိုးရာ 'ကာဗန်း' လှေကို ပေါ့ပါးသောသစ်သားဖြင့် အသုံးပြုသည့်နည်းတူ ရိုးရာဗုံကိုလည်း ဖွတ်နှင့် ပုတ်သင်ညိုသားရေဖြင့် ပြုလုပ်၍ အဆိုပါ ပွဲတော်တို့တွင် အသုံးပြုလေ့ရှိသည်။ ဆလုံတို့သည် တစ္ဆေကြီးပွဲတော်ကို နှစ်စဉ်ပူဇော်လေ့ရှိသည်။ သေဆုံးသွားသူတို့ကို ကျွေးမွေးသောပွဲတော်ဖြစ်သည်။ ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိသူများရှိသည့် နည်းတူ တစ္ဆေသရဲလည်းရှိသည်ဟူသော ယူဆမှုဖြင့် တစ်နှစ်တစ်ကြိမ်တစ္ဆေများ စားသောက်နိုင်ရန် သင်္ချိုင်းသို့ သွားရောက်၍ ပင့်ဖိတ်ကျွေးမွေးလေ့ရှိသည်။ နတ်ဆရာများအနေဖြင့် ထိုပွဲတွင် ရိုးရာနတ်ကို ပင့်ဖိတ်ပြီး အစားအသောက်ဖြင့် ပူဇော်ပြီးနောက် သေဆုံးသွားသူတို့ကို ကျွေးမွေးခြင်းဖြစ်သည်။ နတ်ဆရာမှာ ဗုံသံနှင့်အတူ ကခုန်ပြီး သေဆုံးခဲ့သူတို့၏ ဆွေမျိုးတို့ကလည်း ကခုန်ကြသည်။ ထိုပွဲတွင် သေဆုံးသွားသော အဘိုး၊ အဘွား၊ မိခင်၊ ဖခင်တို့ကိုတိုင်တည်ပြီး လက်ရှိကြုံတွေ့နေရသော မိသားစု၏ အခက်အခဲနှင့် အခြားသော အခက်အခဲတို့ကို ရင်ဖွင့်ပြောကြားလေ့ရှိသည်။ ဝိုင်းဝန်းကူညီဖြေရှင်းပေးရန် တိုက်တွန်းဆုတောင်းခြင်းဖြစ်သည်။ ဆလုံတို့သည်သေဆုံးသွားသူတို့နှင့်အတူ ပစ္စည်းများကို မြှုပ်နှံလေ့ရှိသည်။ ပင်လယ်ပြင်တွင် သွားလာမောင်းနှင်ခဲ့သော စက်ပစ္စည်းများကို မြေကြီးတွင် သေဆုံးသူနှင့်အတူ ထည့်သွင်းမြှုပ်နှံသည်မှာ ယနေ့တိုင် ဖြစ်သည်။ မော်ကင်း(ခေါ်) ဆလုံလူမျိုးတို့အနေဖြင့် ရိုးရာနှင့်သက်ဆိုင်သော အရာအားလုံးတွင် နတ်ဆရာ၏ အစီအမံအတိုင်း ဆောင်ရွက်လေ့ရှိသည်။

ဆလုံလူမျိုးတို့မြှုပ်နှံသော နေရာသည် ယင်းတို့၏ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ဆက်စပ်လျက်ရှိသည်။ မီးရှို့သင်္ဂြိုဟ်ခြင်းထက် ရိုးရာနှင့်အညီ မြေကြီးတွင် ရှေးအစဉ်အလာနှင့်အညီ မြှုပ်နှံမှုကို ပိုမိုတန်ဖိုးထားလေ့ရှိသည်။ နေထိုင်သောကျွန်းများနှင့် သင်္ချိုင်းမြေနေရာတို့တွင် ဥယျာဉ်ခြံမြေအဖြစ် တိုးချဲ့လာခြင်းကြောင့် လူဦးရေနေထိုင်မှု ကျဉ်းမြောင်းလာလျက်ရှိသည်။

## ခရီးသွားကဏ္ဍအနေဖြင့်ဆွဲဆောင်လျက်ရှိ

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသည် ထိုနိုင်ငံခရီးသွားလုပ်ငန်း၏ ပင်မသွေးကြောပင် ဖြစ်သည်။ တိုင်းရင်းသားတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ ထူးခြားစိတ်ဝင်စားဖွယ်ဘာသာရေးနှင့် ယဉ်ကျေးမှုသည် ခရီးသွားတို့၏ အသည်းနှလုံးကို ညှို့ယူဖမ်းစားလေ့ရှိသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဟန်သည် နိုင်ငံခြားသားခရီးသွားတို့ အထူးစိတ်ဝင်စားသော ခရီးသွားမှတ်တမ်းများဖြစ်သည်။ မြန်မာပြည်တွင်ရှိသော တိုင်းရင်းသားတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုကိုယ်စီရှိကြသည်။ ထို့ကြောင့် နိုင်ငံခြားခရီးသွားတို့ မြန်မာပြည်ကို စိတ်ဝင်စားခြင်း ဖြစ်သည်။ တောင်ပေါ်၊ မြေပြန့် စိတ်ဝင်စားရာနေရာ များစွာရှိသည်။ သဘာဝအလှများစွာ ရှိသည်။ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းဖြစ်သော မြန်မာပြည်တောင်ဘက်စွန်း ဆလုံလူမျိုးတို့ ပျော်စံရာ ပင်လယ်ပြင်တွင် မော်ကင်းတို့လှည့်လည်ကျက်စားသွားလာမှုမှာ နိုင်ငံတကာခရီးသွားတို့ကို ခရီးသွားကဏ္ဍအနေဖြင့် ဆွဲဆောင်လျက်ရှိသည်။ ။


# မြန်မာ့ထောပတ်တောင်သူများ အပင်ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရင်း ဈေးကွက်ကောင်းစောင့်ဆိုင်းနေ

**မြိတ် မေ ၁၅**

မြန်မာ့ထောပတ်သီး တောင်သူများ ဈေးကွက်ရာသီချိန်မတိုင်မီ အပင်ထိန်းသိမ်းစောင့်ရှောက်မှုများ ပုံမှန်ပြုလုပ်ရင်း ဈေးကွက်ကောင်းကို စောင့်ဆိုင်းနေကြကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

လက်ရှိတွင် အခြားသီးနှံများ ဈေးကွက်ကျဆင်းမှုအနည်းနှင့်အများဆိုသလို ကြုံတွေ့နေရသော်လည်း မြန်မာ့ထောပတ်သီးတင်ပို့ရောင်းချမှုမှာ ဈေးကွက်ရာသီချိန်သို့ မရောက်ရှိသေးသည့်အတွက် အပင်ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရင်း ဈေးကွက်ကောင်း စောင့်ဆိုင်းနေသည့် ကာလဖြစ်သည်။

"ထောပတ်သီးဈေးကွက်က လုံးဝကြီးပျက်နေတာမျိုးတော့ မရှိပါဘူး။ အသီးအလုံးကြီးတွေ ထွက်လာပြီး ဈေးကွက်တင်ပို့ရောင်းချလို့ရတဲ့ အချိန်ကို မရောက်သေးတာကြောင့် အချိန်လည်းရပါသေးတယ်။ သို့သော် ထောပတ်ပင်ဟာ နှစ်ရှည်ပင်ဖြစ်တဲ့အတွက် ဈေးကွက်ကောင်းရင်ဖြစ်စေ၊ မကောင်းရင်ဖြစ်စေ အပင် ပြုစုစောင့်ရှောက်မှုကိုတော့ ရပ်ထားလို့မရဘူး။ ပုံမှန်လေး ထိန်းသိမ်းစောင့်ရှောက်မှုတွေ လုပ်ပေးနေရပါမယ်။ နိုင်ငံရေးမကောင်းလို့၊ ကိုဗစ်ကြောင့်မို့လို့၊ ဘာကြောင့်မို့လို့ဆိုပြီး အပင်တွေကို ရပ်ထား၊ ပစ်ထားမယ်ဆိုရင် စိုက်ပျိုးသူတွေအနေနဲ့ ဆုံးရှုံးနစ်နာမှုတွေ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းအထိ ကြုံရနိုင်ပါတယ်။ အခုအချိန်ကတော့ ထောပတ်သီးတွေ စသီးခါစ၊ သီးကင်းလေးတွေ စဝင်တဲ့ အချိန်ကို ရောက်နေတာဖြစ်တယ်"ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။



အရည်အသွေးပြည့် ထောပတ်ပင်။

ဧပြီ၊ မေလတို့သည် ထောပတ်ပန်းပွင့်ပြီးနောက် ထောပတ်သီးကင်းဝင်ချိန်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီ၊ ဈေးကွက်မျက်နှာပန်းလှစေမည့် ထောပတ်သီးများထွက်ရှိစေရန် အပင်ပြုစုထိန်းသိမ်းစောင့်ရှောက်မှုများကို ကြိုတင်လုပ်ဆောင်ပေးသင့်ကြောင်း သိရသည်။

"အခုလိုမျိုး သီးကင်းစဝင်တဲ့အချိန်မှာဆိုရင် ထောပတ်ပင်ခြံတွေမှာ လိုအပ်တဲ့ကြိုတင်ကာကွယ်မှုတွေ လုပ်ပေးနေရပါတယ်။ သံချေးမှိုရောဂါ (ထောပတ်သီးအခွံပေါ် ကွက်တက်တတ်သည့် မှိုရောဂါတစ်မျိုး) ကာကွယ်နိုင်ဖို့အတွက်ပါ။ ထောပတ်ပန်းပွင့်ပြီး သီးကင်းလေးစဝင်တဲ့အချိန်မှာ Thrips-သရစ်လို့ခေါ်တဲ့ ထောပတ်ပင်နဲ့အသီးကိုဒုက္ခပေးတဲ့ အင်းဆက်ပိုးကောင်ငယ်လေးတွေ ကိုက်တတ်တယ်။ အဲဒီ ပိုးကောင်လေးတွေက ထောပတ်သီးကို ကိုက်လိုက်တဲ့နေရာကို သံချေးမှိုရောဂါဝင်ရောက်သွားတယ်။ အသီးကြီးလာတာနဲ့အမျှ ဒဏ်ရာကလည်းကြီးလိုက်လာပြီး ထောပတ်သီးအခွံမှာ ကွက်တက်အနာတွေ ဖြစ်လာတယ်။ ဈေးကွက်တင်ပို့တဲ့အခါ မျက်နှာပန်းမလှ ဖြစ်သွားတတ်ပါတယ်။ စားသုံးသူက အသီးဝယ်တဲ့အခါ အလုံးလှတာကို ကြည့်ဝယ်တဲ့အတွက် ဒီလိုရောဂါမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်ထားဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထောပတ်သီးအခွံပေါ်တွင် ကွက်တတ်ခြင်းမျိုး မဖြစ်ပွားဘဲ အရည်အသွေးကောင်း အလုံးချောသည့် ထောပတ်သီးများ ရရှိစေရန် ပန်းပွင့်ချိန်နှင့် သီးကင်းစဝင်ချိန်တွင် နိုင်ငံတော်က ခွင့်ပြုထားသည့်(တရားဝင်မှတ်ပုံတင်ထားသည့်)ကုမ္ပဏီများမှ တင်သွင်းဖြန့်ချိသည့် ပိုးသတ်ဆေးမျိုးကိုသာ သုံးစွဲ၍ ကြိုတင်ကာကွယ်သင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ထောပတ်ခြံများအတွက် အသီးစတင်ခူးဆွတ်သည့် အသီးခူးရာသီချိန်များမှာ နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ကသာမြို့ရှိ ဈေးများ၌ တရုတ်ဆီးသီး(လိုက်ချီးသီး)များ စတင်ရောင်းချ

**ကသာ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော တရုတ်ဆီးသီးခြံများမှထွက်ရှိသည့် တရုတ်ဆီးသီး(လိုက်ချီးသီး)များကို ကသာမြို့ရှိ ဈေးများအတွင်း၌ မေလပိုင်းမှစ၍ စတင်ရောင်းချနေပြီဖြစ်သည်။

တရုတ်ဆီးသီး (လိုက်ချီးသီး)များ စပေါ်ချိန်တွင် အသီးအလုံး ၃၀ ပါ တစ်တွဲလျှင် ငွေကျပ် ၅၀၀ နှင့် ခြံအတွင်း သွားရောက်ဝယ်ယူလျှင် အသီးအလုံး ၃၀ ပါ တစ်တွဲလျှင် ငွေကျပ် ၄၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးများအတွင်း၌ တရုတ်ဆီးသီး(လိုက်ချီးသီး)များကို ကိုယ်ပိုင်ခြံမှ ခူးယူရောင်းချသူများရှိသည့်အပြင် တစ်ဆင့်ခံဝယ်ယူ ရောင်းချသူများလည်း ရှိကြောင်း၊ ခြံမှ ထွက်ရှိသော အသီးများကို ကသာမြို့ရှိဈေးများသာမက မန္တလေးမြို့နှင့် ထီးချိုင့်မြို့များကိုလည်း တင်ပို့ရောင်းချရပြီး တရုတ်ဆီးသီး (လိုက်ချီးသီး)များကို အသီးစပေါ်သည့်အချိန်မှ တစ်လအတွင်း ရောင်းချရကြောင်း တရုတ်ဆီးသီး (လိုက်ချီးသီး)ရောင်းချသူများထံမှ သိရသည်။

"ဒီက ထွက်တဲ့ တရုတ်ဆီးသီး (လိုက်ချီးသီး)တွေကို ကသာမြို့ပေါ်အပြင် မန္တလေးမြို့နှင့် ထီးချိုင့်မြို့တွေကိုလည်း အသီးထည့်တဲ့ခြင်း တောင်းတစ်လုံးကို အလုံးကြီးရင် ငွေကျပ် ၄၅၀၀၀ နဲ့ အလုံးသေးရင် ငွေကျပ် ၃၅၀၀၀ အထိ တင်ပို့ရောင်းချရတယ်။ အခုနှစ်မှာတော့ အသီးတွေ စပေါ်ချိန်ဖြစ်တဲ့အတွက် ဈေးကောင်းရရှိတယ်။ နောက်ပိုင်းအသီးပေါလာရင်တော့ တစ်တွဲကို ငွေကျပ် ၂၀၀ အထိ ရောင်းချရတယ်" ဟု တရုတ်ဆီးသီး (လိုက်ချီးသီး) ရောင်းချသူ မနိုင်က ပြောသည်။

ကသာမြို့နယ်အတွင်း ထွက်ရှိသည့် တရုတ်ဆီးသီး(လိုက်ချီးသီး)များသည် ယခင်နှစ်က အသီးများ ဈေးကောင်း မရရှိသော်လည်း ရောင်းအား ကောင်းကြောင်း၊ ယခုနှစ်တွင် အသီးများ ဈေးကောင်းရရှိသော်လည်း ဝယ်ယူသူနည်းပါးသည့်အတွက် ရောင်းအားမှာ အဆင်ပြေမှုမရှိကြောင်း၊ အသီးများသည်လည်း ယခင်နှစ်ထက် ဖြစ်ထွန်းမှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကသာမြို့ထွက် တရုတ်ဆီးသီး (လိုက်ချီးသီး)များ။



# ညောင်ဦးမြို့နယ် မြေအောက်ရေသွင်းစိုက်ပျိုးထားသည့် နှမ်းပဲတီစိမ်းများ ဈေးကောင်းရ

**ညောင်ဦး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများသည် မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသည့် နှမ်းပဲတီစိမ်းစိုက်တောင်သူများ စတင်ဆွတ်ခူးရောင်းချချိန် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၃၉၀၀၀ ရောင်းချရခြင်းကြောင့် မြေအောက်ရေဖြင့် စိုက်ပျိုးထားသည့် နှမ်းပဲတီစိမ်းစိုက် တောင်သူများ အဆင်ပြေကြသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုကျေးရွာများ၊ သစ်ထောင့်ကျွန်းအုပ်စုကျေးရွာများသည် မြေအောက်ရေသွင်းစိုက်ပျိုးခြင်းဖြင့် မတ်လမှစတင်ကာ နှမ်းပဲတီစိမ်းများ စတင်ကြဲပက်စိုက်ပျိုးကြောင်း၊ တစ်လခွဲခန့်အကြာတွင် နှမ်းပဲတီစိမ်းစိုက်ခင်းများ အဖူး၊ အပွင့် စတင်ဖူးပွင့်ပြီး နှစ်လအကြာတွင် နှမ်းပဲတီစိမ်းများ စတင်ဆွတ်ခူးရောင်းချကြကြောင်း သိရသည်။ နှမ်းပဲတီစိမ်းဆွတ်ခူးချိန်တွင် တစ်ဧကစိုက်ခင်းတစ်ခင်းလျှင် တစ်ကြိမ် ဆွတ်ခူးရန် ပဲတီစိမ်းကောက်သမ ၂၀ လိုအပ်ကာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ပေးရကြောင်း၊ ပဲတီစိမ်းဆွတ်ခူးပြီး တစ်ရက်လောက်နေလှန်း၍ အစေ့ထုတ်ကာ ပခုက္ကူမြို့ရှိ ပွဲရုံများသို့ သွားရောက် ရောင်းချကြကြောင်း လက်ပံခြေပေါ်အုပ်စု ရွာသစ်ကုန်းကျေးရွာမြေအောက် ရေအသုံးပြု နှမ်းပဲတီစိမ်းစိုက် တောင်သူ ဦးဇော်ဝင်းက ရှင်းပြသည်။

နှမ်းပဲတီစိမ်းတစ်တင်းလျှင် ၁၉ ပိဿာရှိကာ တစ်တင်းလျှင် ငွေကျပ် ၃၉၀၀၀ ရောင်းချရခြင်းကြောင့် ယမန်နှစ်က ဈေးနှုန်းအတိုင်း ပြန်လည်ရောင်းချရကာ တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ပြီး နှမ်းပဲတီစိမ်းစိုက်တောင်သူများ ဈေးကောင်း ရရှိခြင်းကြောင့် အဆင်ပြေနေကြကြောင်း ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့**
**လက်တွဲညီညီ ဆောင်ရွက်စို့**

# တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၌ ပြည်သူများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ပြည်သူများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ပါမောက္ခ/ဌာနမှူးနှင့် အထူးကုဆရာဝန် ဦးဆောင်ပြီး ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ်နေ့/ညမပြတ် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ပြင်ပလူနာများကိုလည်း အစိုးရရုံးဖွင့်ရက်များအတိုင်း နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး အရေးပေါ်လူနာများကိုလည်း နေ့စဉ်နေ့ညမပြတ် ပုံမှန်ကုသဆောင်ရွက်ပေးလျက်ရှိသည်။



နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကု ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိ

"တချို့သော ကလေးတွေ မတော်တဆ နှာခေါင်းထဲကို တစ်ရှူးစဝင်လို့ပဲဖြစ်ဖြစ်၊ အစေ့ အဆံဝင်လို့ပဲဖြစ်ဖြစ်၊ ဖော့စဝင်လို့ပဲဖြစ်ဖြစ် အရေးပေါ်ဌာနကို ရောက်ရှိလာရင်သော်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ လေပြွန်တွင် တပ်ဆင်ထားသူလူနာမှ လေပြွန်ပြုတ်ထွက်၍ အသက်ရှူကျပ်ပြီး ရောက်ရှိလာလျှင်သော်လည်းကောင်း၊ လူနာများကိုလည်း ကြွန်မတို့အနေနဲ့ ချက်ချင်းကုသပေးတဲ့အပြင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကုသတဲ့ လူနာတွေကိုလည်း ပါမောက္ခ/ဌာနမှူး ဦးဆောင်ပြီး ချက်ချင်းကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ် " ဟု နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက ပြောကြားခဲ့သည်။

အဆိုပါ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၂ ရက်အထိ လူနာ ၄၉၅၃ ဦးကို ပါမောက္ခ/ဌာနမှူး ဦးဆောင်ပြီး အထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များဖြင့် ကုသပေးနိုင်သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ဇီးကုန်း မေ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနရုံး၌ ပန်းခင်းစီမံချက်ဖြင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မေ ၃ ရက်မှ စတင်ကာ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပန်းခင်းစီမံချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိသော နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသော စီမံချက်ဖြစ်ကြောင်း သိရသည်။

စီမံချက် ဆောင်ရွက်ပေးရာတွင် နေထိုင်မှုပုံစံများအလိုက်-

(၁) လက်ရှိဇာတိမြေတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

(၂) လက်ရှိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

(၃) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

(၄) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းဟူ၍ နည်းလမ်းလေးမျိုးဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်အတွင်း စီမံချက် ဆောင်ရွက်ပေးရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ လူဦးရေ ၅၆၆၂၇ ဦး ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် ကျန်ရှိနေသည့် ၂၈၃၈ ဦးအား ပန်းခင်းစီမံချက်ဖြင့် ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီး ဌာနမှူးရုံးမှ သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# မြို့နယ်များ၌ ပန်းခင်းစီမံချက်အကြောင်းရှင်းလင်း

## မိုင်းယောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း ဆောင်ရွက်မည့် ပန်းခင်းစီမံချက်အကြောင်းရှင်းလင်းပွဲကို မေ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူက အမှာစကားပြောကြားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးပွားမောင်က ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများကို ကတ်တစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း အပါအဝင် ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**စိုင်းအောင်ဇော်လင်း**

## စဉ့်ကိုင်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်အောင် ဆောင်ရွက်ပေးမည့် ပန်းခင်းစီမံချက်အကြောင်း ရှင်းလင်းပွဲကို မေ ၁၃ ရက်က ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျီးနားကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ကျောက်ဆည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးအရာရှိ ဦးတင်မောင်လွင်က ပန်းခင်း စီမံချက်နှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆွေးနွေးပွဲသို့ ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမ်းမြို့နယ်၌ တိုင်းရင်းသားပြည်သူ ၅၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**အမ်း မေ ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ် အမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနသည် ပန်းခင်းစီမံချက်အရ မြို့နယ်အတွင်းမှ ဝေးလံခေါင်ဖျားသော အမ်းတောင်ကျေးရွာအုပ်စုနေ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မေ ၈ ရက်မှစ၍ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများက အမ်းတောင်ကျေးရွာအုပ်စုအတွင်းရှိ ပတ်ကွေ့၊ ဆင်ခုံတိုင်၊ ကြက်ရေစမ်း၊ တောင်စောက်နှင့် ကံမြင့်ကန်ကျေးရွာများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးရာ အသက် ၁၀ နှစ်ပြည့် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၀ ဦး၊ အသက် ၁၈ နှစ် အထက် အမျိုးသား ၈ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ကတ်ပြား အသစ်လဲလှယ် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၆ ဦး၊ ကတ်ပြားမိတ္တူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၅၃ ဦးတို့ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး အိမ်ထောင်စု လူဦးရေစာရင်း ၂၅ စောင်ကိုလည်း အချက်အလက်ဖြည့်သွင်းခြင်း၊ လဲလှယ်ခြင်းများ ပြုလုပ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲတိုက်ခိုက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ရန်ပြုသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမှုကို ပျက်ပြားစေရန် တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်၍ အေးချမ်းစွာ နေထိုင်လိုကြသော အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားပြီး ဒလန်ဟု စွပ်စွဲတိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ရန်ပြုတိုက်ခိုက်ခြင်းများအား လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည်။

**သိမ်းဆည်းရမိ**

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁၄ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူများက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် ဝေပုလ္လလမ်းတွင် နေထိုင်သော ဒေါ်သန်းဌေးနှင့် မိသားစုများကို ဒလန်မိသားစုဟု စွပ်စွဲကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ လေးခွဖြင့် ပစ်ခတ်ခြင်း၊ ဓားများဖြင့် ထိုးခုတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ထိန်းသိမ်းခဲ့ရာ အဆိုပါ အကြမ်းဖက်သူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွများ၊ ဓားများဖြင့် ပြန်လည်ရန်ပြုတိုက်ခိုက်ပြီး ကုလားကြီးစုကျေးရွာ မွတ်ဆလင်သင်္ချိုင်း အနောက်ဘက် လယ်ကွင်းဘက်သို့ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါအဖွဲ့မှ ထပ်မံ၍ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် မီးရှို့နေခြင်း၊ ဓားများဖြင့်ခုတ်ရန် ကြံဆောင်လာခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အဆိုပါဆူပူအကြမ်းဖက်သူလူအုပ်စုထဲမှ တိုးတက်ထက်မြတ်အောင်(ဘ)ဦးအောင်ကျော်ဦး၏ ဝဲဘက်ပေါင်နှင့် ခြေမျက်စိတွင် (၁၂) ဗို့ ကျည်ထိမှန်ဒဏ်ရာဖြင့် လည်းကောင်း၊ လင်းလင်းထက်(ဘ) ဦးအေးကို၊ ရိန်းပိုင်ဦး(ဘ)ဦးအောင်မျိုးဦး၊ ဝင်းနိုင်ထွေး (ဘ)ဦးမောင်ခိုင်တို့အား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့နှင့်အတူ လက်လုပ်ဗုံးမျိုးစုံလေးလုံး၊ ဓားနှစ်ချောင်း၊ ပြုပြင်ထားသော ကတ်ကြေးတစ်လက်၊ လေးခွတစ်လက်တို့အား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဆူပူအကြမ်းဖက်အုပ်စုတွင်ပါဝင်သူ ဇော်မြင့်(ဘ)ဦးကျော်ခင်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရှိရသည်။

**စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ**

အထက်ပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော တိုးတက်ထက်မြတ်အောင်အား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်အတွင်း ပါဝင်ခဲ့သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခရမ်းမြို့နယ်၌ အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ပြည်သူတစ်ဦးသေဆုံး

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုများကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ အေးချမ်းစွာသွားလာနေသော အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၃) ရပ်ကွက်တွင်နေထိုင်သော ကျော်မြင့်နိုင်(ခ)မင်းမင်း(ဘ)ဦးတင်ရွှေသည် (၃)ရပ်ကွက် အောင်သစ္စာလမ်းနေ ဦးညီလှလမ်းသို့ ဆိုင်ကယ်မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ သေနတ်ဖြင့် ခြောက်ချက်ခန့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ ကျော်မြင့်နိုင်(ခ)မင်းမင်းသည် အခင်းဖြစ်ပွားရာနေရာ၌ ဝဲဘက်ရင်အုံ၊ ယာဘက်ရင်အုံ၊ ဝမ်းဗိုက်၊ ယာလက်ဖျံ၊ ဝဲလက်မောင်းရင်းနှင့် မြီးညှောင်းရိုးတို့တွင် သေနတ်ဒဏ်ရာများရရှိလျက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် ဒေသအတွင်း ဆူပူအကြမ်းဖက်မှုကို ရှေးရှုပြီး ပြည်သူများ အကြောက်တရားလွှမ်းမိုးစေရန် အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့သော အကြမ်းဖက်သမားများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော် လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော် လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသား ရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရေလှောင်တမံ ရေဝေရေလဲနှင့်ဆည်ရေသောက် ဧရိယာတို့တွင် မျိုးကောင်း မျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးအတွက် မျိုးစေ့ ပျိုးပင်များ ထောက်ပံ့

**နေပြည်တော် မေ ၁၅**

လယ်ဝေးမြို့နယ် ချောင်းမငယ်ဆည်ရေသောက် ဧရိယာရှိ ကျေးရွာများ၌ သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန် နှင့် သီးနှံသစ်တော ရောနှော စိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၁ ရက်က ပန်းညိုစမ်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်နှင့် ဦးဝင်းဦး တာဝန်ရှိသူများက ကျေးရွာ ခုနစ်ရွာမှ တောင်သူများ တက်ရောက်ကြပြီး နှမ်း ဧက ၁၀၀၊ စပါး ဧက ၁၀၀ နှင့် မြေပဲ ဧက၂၅ စာအတွက် မျိုးစေ့များနှင့် သရက်ပျိုးပင်၊ ပိန္နဲပျိုးပင် နှင့် ငှက်ပျောပျိုးပင်များကို တောင်သူများထံ ပေးအပ်သည်။

နေပြည်တော်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ချောင်းမငယ်ဆည် ရေရှည်တည်တံ့ ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် စိုက်ပျိုး ထုတ်လုပ်မှုစနစ် ထွန်းကားလာစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ချောင်းမငယ်ဆည် ပတ်ဝန်းကျင်၌ သီးနှံသစ်တော ရောနှောစိုက်ခင်းများထူထောင်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း၊ ဒေသနေ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာရေးကို မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူးက ပြောသည်။

ဆည်ရေသောက်ဒေသများတွင် စိုက်ပျိုးရေကိုအကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်စေရေးနှင့် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် အသိပညာပေးခြင်း၊ ရေသုံးစွဲသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်း၍ တောင်သူများကိုယ်တိုင် စိုက်ပျိုးရေသုံးစွဲမှု စီမံခန့်ခွဲနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သီးနှံပုံစံမှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ မြေဆီလွှာ ဖွံ့ဖြိုးရေး၊ ဘက်စုံ သီးနှံကာကွယ်ရေးစနစ်များ အသုံးပြုရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနများ၊ ဒေသနေတောင်သူများနှင့် ပူးပေါင်း၍ ရေရှည်ဖွံ့ဖြိုးသည့် စိုက်ပျိုးထုတ်လုပ်မှုစနစ် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မိုးကောင်းသောက်လယ်ယာမြေတွင် မြေအောက်ဖြည့်စွက်ရေ အသုံးပြုကာ စိုက်ခင်းလုပ်ငန်းများဆောင်ရွက်နေ

**မြို့သစ် မေ ၁၅**



မြေအောက်ဖြည့်စွက်ရေ အသုံးပြု၍ စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းနှင့်ဖူးစားပြောင်း သီးညပ်စိုက်ခင်းစံပြကွက် သုံးဧကကို လဲလူကျေးရွာ စိုက်ခင်းကွင်း၊ တောင်သူဦးမိုးသစ်၏ မိုးကောင်းသောက် ယာမြေတွင် မိုးဦးကာလ မိုးရေဖြင့် စတင်စိုက်ပျိုးထားပြီးနောက် သီးနှံပင် ဖြစ်ထွန်းကာလ စိုက်ခင်းဖြည့်စွက်ရေ ရရှိရေးအတွက် မြေအောက်ရေ လေးလက်မ ပိုက်တွင်းမှတစ်ဆင့် စက်သုံးဆီ အင်ဂျင်သုံး ဆောင်ရွက်နေမှုလုပ်ငန်းကို အကျိုးဆောင် တောင်သူနှင့်အတူ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တောင်သူနမူနာပြ စံပြစိုက်ခင်းသို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်း-ခရိုင်-မြို့နယ် စိုက်ပျိုးပညာရှင်များ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ကြပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ပိုးမွှားပေါင်းမြက် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး တစ်မိုးလိုရေလိုအပ်ချက်ကြောင့် စိုက်ခင်း အားလုံးပျက်စီးဆုံးရှုံးမှု ကာကွယ်စေနိုင်ရန် အတွက် မြေအောက်ရေ ဖြည့်စွက်ရေ ရရှိနိုင် သည့် အရင်းအမြစ်များ ဆောင်ရွက်လာရခြင်းဖြစ်ကြောင်းနှင့် ဖြည့်စွက်ရေအတွက် လုပ်ငန်းကုန်ကျစရိတ်အပေါ် သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်အကျိုးအမြတ်ရရှိရေး စိုက်ပျိုးနည်းပညာပိုင်းအရ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြည့်စွက်ရေရရှိမည်ဆိုပါက တစ်ဧကအတွက် ရေဖျန်းပိုက်ကုန်ကျစရိတ် ကျပ် ၁၈၀၀၀၀ ခန့်နှင့် ဖြည့်စွက်ရေတစ်ကြိမ်အတွက် စက်သုံးဆီ ကုန်ကျစရိတ် ငွေကျပ် ၁၅၀၀၀ ခန့် ကုန်ကျနိုင်ပြီး စိုက်ခင်းရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးနိုင်ခြင်းဖြင့် စိုက်ခင်းထိခိုက်ပျက်စီးမှု ကာကွယ်နိုင်သလို သီးနှံပင် ဖြစ်ထွန်းမှုအတွက် အထူးလိုအပ်ကောင်းမွန်ပြီး ပိုမိုအကျိုးဖြစ်ထွန်းကာ မိုးကောင်းသောက် တောင်သူများအတွက် အထူးအရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထံက သိရသည်။

**ကိုဇော်**

**(ပြန်/ဆက်)**

## မြဝတီမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်

**မြဝတီ မေ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ အခြေခံပညာကျောင်းများ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေးအတွက် မေ ၁၃ ရက်က အမှတ်(၄)ရပ်ကွက် အ.ထ.က (၁)ကျောင်း၌ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ကြသည်။

COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ယာယီရပ်ဆိုင်းထားရှိရာမှ ယခုလနောက်ဆုံးအပတ်တွင် ကျောင်းအပ်နှံရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်ပြင်ဆင် ဆောင်ရွက်မှုလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

မြဝတီမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်လက်ခံမည် ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရာတွင် အခကြေးငွေတစ်စုံတစ်ရာကောက်ခံမှု လုံးဝမရှိကြောင်းနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပါးစပ်၊ နှာခေါင်းစည်း(Mask)နှင့် မျက်နှာအကာ(Face Shield) တို့ကို အခမဲ့ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

## မြင်းခြံ၊ တောင်သာနှင့် ပုပ္ပားဒေသတစ်ဝိုက်တွင် ကြက်သွန်နီအပြင် မီးဖိုချောင်သုံးသီးနှံများပါ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေ

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ တောင်သာနှင့် ပုပ္ပားဒေသတစ်ဝိုက် ဆင်တဲဝချောင်းတစ်လျှောက်မှ တောင်သူများအနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီအပြင် မီးဖိုချောင်သုံးသီးနှံများကိုပါ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခဲ့ကြရာ သီးနှံများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသတွင်းကျေးရွာများရှိ တောင်သူများထံမှ သိရသည်။

အဆိုပါ မြို့နယ်များရှိ ကျေးရွာများမှ တောင်သူများသည် ဆင်တဲဝချောင်းကို အမှီပြု၍ ကြက်သွန်နီ တစ်မျိုးတည်းကိုသာ နှစ်စဉ် စိုက်ပျိုးလာခဲ့ကြသော်လည်း ယခုနှစ်တွင် ကြက်သွန်နီတူးဖော်ပြီးချိန်၌ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ချဉ်ပေါင်၊ ကန်စွန်း၊ ခဝဲ၊ ခရမ်းသီး၊ ခရမ်းကြွပ်သီးနှင့် ကြက်ဟင်းခါးသီးများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလို သီးနှံတွေကို ရေနဲ့နီးတဲ့ ရွာတွေမှာ စိုက်ပျိုးပြီး ရေနဲ့ဝေးတဲ့ရွာတွေကို သွားရောက်ရောင်းချနိုင်မည်ဆိုပါက စားဖို့အတွက်ကတော့ ဝမ်းစာဖြည့်လို့ ရပါတယ်။ ဥစ္စာဖြို့ စားဖိုကဆိုတဲ့ ရှေးစကားပုံအတိုင်း စားဖိုကိုသာ စရိတ်နည်းအောင်လုပ်နိုင်ရင် ကြက်သွန်နီ မရောင်းရသေးလည်း စားဖို့အတွက် အဆင်ပြေအောင်လုပ်နိုင်တယ်။ ကျွန်တော်ဖြစ်စေချင်တာက ဒီလိုသီးနှံလေးတွေကို တောင်သူတွေ စိုက်ချင်စိတ်ဖြစ်ပေါ်လာအောင် နည်းပညာတွေ၊ တစ်ပိုင်တစ်နိုင်ချေးငွေတွေနှင့် သွင်းအားစုတွေရရှိအောင် တောင်သူတွေကို လုပ်ပေးနိုင်မည်ဆိုလျှင် ကြက်သွန်နီရောင်းချရန်မလိုသေးပဲနဲ့ မိုးဦးကျအချိန် တစ်လ ကိုးသီတင်း စားနိုင် သောက်နိုင်သည့် အနေအထားကို ရောက်ရှိကြမှာပါ။ တောင်သူတွေမှာ မြေကွက်လည်း ရှိပြီးသား၊ စက်လည်း ရှိပြီးသား၊ ရေတွင်းလည်း ရှိပြီးသားဖြစ်သည့်အတွက် စိုက်ပျိုးချင်စိတ်လေးနဲ့ စိုက်ပျိုးပြီး ဥစ္စာကို ဖြို့နေတဲ့ စားဖိုကို လုံအောင်ထိန်းနိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ကြီး သာသာယာယာနဲ့ အေးချမ်းနေမှာပါ" ဟု တောင်သာမြို့နယ် နတ်စောင့်ကျေးရွာမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာလေ့လာသူ ဦးသန်းဆွေက ပြောသည်။



ယခင်က အဆိုပါမြို့နယ်များတွင် ရှမ်းပြည်နယ်ဒေသများမှ တင်ပို့ရောင်းချသည့် မီးဖိုချောင်သုံးသီးနှံများကို ဝယ်ယူစားသုံးခဲ့ရပြီး ယခုအခါ မိမိတို့ကျေးရွာများ၌ တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်ပျိုးလာခြင်းဖြစ်ကြောင်းနှင့် တောင်သာမြို့နယ်အတွင်း၌ ထန်းပင်ခြံကျေးရွာ၊ နတ်စောင့်ကျေးရွာနှင့် အင်းတဲကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

နတ်စောင့်ကျေးရွာမှ တောင်သူ ဦးကျော်ဆန်းဝင်းကလည်း "ကြက်သွန်နီက ဈေးမကောင်းသည့်အတွက် ကျွန်တော်တစ်ဦးတည်းသာမက တောင်သူအတော်များများ အခုဆို စားဖိုချောင်သီးနှံတွေကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြပြီး အဆင်ပြေနေကြပါတယ်။ ကျွန်တော်က ချဉ်ပေါင်နှင့် ကန်စွန်းရွက် စိုက်ထားတာ တစ်လအတွင်း နှစ်တန်လောက် ထွက်ရှိပါတယ်။ စိုက်ပျိုးသည့် သီးနှံတွေကို တခြားရွာတွေက လာရောက်ဝယ်ယူအားပေးကြတဲ့အတွက် ရောင်းကောင်းပါတယ်"ဟု ပြောသည် ။

လက်ရှိတွင် အဆိုပါ မြို့နယ်များရှိ ကျေးရွာများတွင် ကြက်သွန်နီအပြင် မီးဖိုချောင်သုံး သီးနှံများနှင့် ဆင်တဲဝချောင်းမြေပြင်တွင် ဂန္ဓာမာပန်းများကိုပါ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာသည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေပိုမိုရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝိုင်းမော်မြို့နယ်တွင် ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ



နေပြည်တော် မေ ၁၅

ဝိုင်းမော်မြို့နယ်တွင် ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ညနေ ၄ နာရီတွင် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-မြစ်ကြီးနားသွားကားလမ်း ရွှေညောင်ပင်ကျေးရွာအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ထွယ်လီ (၂၀နှစ်)နှင့် အောင်ဒီးမိုင် (၁၈နှစ်)တို့ စီးနင်းလာသည့် မော်တော်ဆိုင်ကယ်နှင့် ဇော်အိန်(၂၃ နှစ်) မောင်းနှင်ပြီး မရစ်လယမ် (၂၉ နှစ်) လိုက်ပါလာသည့် LANDCRUISER မော်တော်ယာဉ်တို့ကိုရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူ များအား ရှမ်းပြည်နယ် (မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် ဖားကန့်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မိုးမောက်မြို့နယ် လျှပ်စစ်ဝန်ထမ်းအိမ်ရာ၌ ကျွန်းပင်လဲကျမှုဖြစ်ပွား

နေပြည်တော် မေ ၁၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ ကြေးနန်းရပ်ကွက် မြို့နယ်လျှပ်စစ်ဝင်း၌ မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လုံးပတ် ငါးပေ၊ အမြင့် ပေ ၅၀ ခန့်ရှိသော ကျွန်းပင်သည် အမြစ်ကျွတ်ပြီး ဝန်ထမ်းအိမ်ရာပေါ်သို့ လဲကျမှုဖြစ်ပွားခဲ့ရာ မိုးမောက်မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုးသူထိုက်နှင့် တပ်ဖွဲ့ဝင်များက ကူညီရှင်းလင်းပေးသည်။ အဆိုပါ ကျွန်းပင်လဲပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အောင်မျိုး



## မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

နေပြည်တော် မေ ၁၅

တိုင်းဒေသကြီး၊ ပြည်နယ်များရှိမြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်း မရှိဘဲ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို အုပ်ချုပ်ရေးတာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

### လာရောက်အပ်နှံ

ထိုသို့အပ်နှံရာတွင် မေ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ် ၄၄ လက်ကို လည်းကောင်း၊ နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ငါးလက်ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

### လက်ခံရယူ

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၅၈၂/ခ၊ မြေကွက်တည်နေရာအမှတ် (၅၈၂/ခ)၊ (၂၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမျိုးဝင်း ၁၂/ကမရ(နိုင်)၀၀၀၄၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမျိုးဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၁၃/၃၀-၆-၂၀၂၀)ရရှိသူ ဒေါ်ခင်ဆွေဆွေလွင် ၁၀/ကထန(နိုင်)၁၃၆၃၈၅မှ ဂရန် မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်း ကတိသစ္စာပြုလွှာ (၇/၂၃၃၂/၂၀၂၀) ၁၅-၇-၂၀၂၀ ရက် (၂၀၁၈)ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံ/မြေရာဇဝင်ပျောက်ဆုံးသွားကြောင်း ဦးမျိုးဝင်းကိုယ်တိုင်ကျမ်း ကျိန်လွှာ (၆/၃၅၁၄/၂၉-၆-၂၀၂၀) တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့် လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည်ပြောင်း**

ဦးမြတ်ကိုကို၏သား၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင်ကျေးရွာ အုပ်စု၊ မူလွန်အောင်မြင်ကုန်း(တော)ကျောင်းGrade-6 (အောင်) မောင်ယူတီနိုင်းအား မောင်အောင်ခေတ်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်အောင်ခေတ်ပိုင်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၃၁၈၈ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၃၁၁၇ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်း(အရှေ့ရပ်ကွက်)၊ စမုံလမ်း၊ အမှတ် (၁၀/က)တွင် နေထိုင်သည့် ဦးစံရွှေ၏သား ဦးကျော်ဌေး ၁၂/ဒဂန(နိုင်)၀၁၆၃၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိနိုင်ရန် ကြေညာမှုပြုပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်း(အရှေ့ရပ်ကွက်)၊ စမုံလမ်း၊ အမှတ် (၁၀/က)ဟုခေါ်တွင်သော ကန်တော်မင်တိုက်နယ် မြေတိုင်းရပ်ကွက်အမှတ် (၂၀/F)၊ ဦးပိုင်အမှတ် (S/A)၊ ၅၆-B/၁၊ ဧရိယာ ၀ဒသမ၂၀၆ဧကအကျယ်ရှိမြေနှင့် မြေပေါ်ရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်း၌ ဒေါ်တင်မေ(ကွယ်လွန်)၊ ဦးကျော်ဌေးနှင့် ဒေါ်သန်းမြင့်တို့ သုံးဦး ပူးတွဲအမည်ပေါက်ဖြစ်ပြီး ပူးတွဲပိုင်ဆိုင်ကြပါသည်။ ကွယ်လွန်သူ ဒေါ်တင်မေသည် ကျွန်ုပ်၏အမှုသည် ဖြစ်သူ ဦးကျော်ဌေး၏အဒေါ်အငယ်(ဒေါ်လေးအရင်း) တော်စပ်ပါသည်။ ဒေါ်တင်မေသည် ၁၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်ပြီးနောက် ကွယ်လွန်သူ၏ သားရင်းသမီးရင်း အမွေစားအမွေခံတစ်ဦးတစ်ယောက်မျှ ကျန်ရှိခဲ့ခြင်းမရှိသည့်အတွက် အချင်းဖြစ်မြေနှင့် အိမ်တွင် ဒေါ်တင်မေပိုင်ဆိုင်သည့်အစုမှာ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ကွယ်လွန်သူ ဒေါ်တင်မေနှင့် အတူနေသော တူအရင်းဖြစ်သူ ကျွန်ုပ်၏အမှုသည် ဦးကျော်ဌေးက အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဖြစ်သောကြောင့် အချင်းဖြစ်အိမ်/မြေတွင် ကျွန်ုပ်၏အမှုသည် ဦးကျော်ဌေးက သုံးပုံနှစ်ပုံ ပိုင်ဆိုင်ခြင်းအမှန်ဖြစ်ကြောင်းကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၀-၈-၂၀၁၈)ရက်စွဲကျမ်းကျိန်စာချုပ်အမှတ်- ၈၇၄၉/၂၀၁၈ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေအဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်ရှိကြောင်း တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုလိုပါက တရားဝင်ခိုင်မာသည့် အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ ရှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မေဦး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၇၅)
အမှတ် (၂၀/၂၂)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၈၄၅၉၀၅၅

ဥတုရာသီ၊ တောကိုမှီ၏

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၀၁၀)၊ ဧရိယာမြေအလျားxအနံ ပေ (၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက်မှ ခွဲခြမ်းစိတ်ဖြာ သတ်မှတ်ထားသော အလျားxအနံ ပေ (၂၁x၆၀) အကျယ်အဝန်းရှိ နှစ် (၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ပိုင်ရှင်ဖြစ်သူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်) ၀၁၉၀၀၂ ထံ သို့ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် (ရုံးချိန်အတွင်း) လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီကျော်
(LL.B), (D.B.L), (D.M.L), (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၅၀)
ဖုန်း-၀၉-၅၅၀၆၁၄၃

**ကန့်ကွက်နိုင်ပါကြောင်း**


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ် (၈၇၀)၊ မူရင်းခြမ်း (၈၇၁)နှင့် ကပ်လျက်အခြမ်းဟုခေါ်တွင်သော မြေ အလျားxအနံပေ (၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက်မှ ခွဲခြမ်းစိတ်ဖြာ သတ်မှတ်ထားသော အလျားxအနံ ပေ (၂၀x၆၀) အကျယ်အဝန်းရှိမြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ပိုင်ရှင်ဖြစ်သူ ဦးကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၆၅၄၇၁ ထံသို့ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် (ရုံးချိန်အတွင်း) လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီကျော်
(LL.B), (D.B.L), (D.M.L), (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၅၀)
ဖုန်း-၀၉-၅၅၀၆၁၄၃

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဆရာမကြီး ဒေါ်လှထွေး(အငြိမ်းစား)
### ထားဝယ်မြို့
### အသက် (၉၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်ကွက်၊ မြို့တွင်းလမ်း၊ အမှတ် (၇၆)၊ မောင်မောင်ခိုင်(ခတ်ပုံတိုက်) နေ(ဦးစံဘ-ဒေါ်ချစ်မေ)တို့၏သမီးကြီး၊ (ဆရာကြီး ဦးဖိုးချစ်)၏ဇနီး၊ ဦးကျင်စမ်း-ဒေါ်အေးသန်း(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးမောင်မောင် သန်း(တိုင်းမန်နေဂျာ-ငြိမ်း)-ဒေါ်မြသန်း(အထက်တန်းပြဆရာမ-ငြိမ်း)၊ ဦးအောင်ခိုင်(မူလတန်းကျောင်းအုပ်-ငြိမ်း)-ဒေါ်ငြိမ်းပို (အလယ်တန်းပြဆရာမ-ငြိမ်း)တို့၏ မိခင်၊ ဦးသိန်းဦး-ဒေါ်ရည်မွန်မွန်၊ ဒေါ်ရည်သန့်စင်၊ (ဦးသူရိန်မင်း)-ဒေါ်ယဉ်ယဉ်ဖြူ၊ ဦးပြည့်ခိုင်-ဒေါ်တိုးတိုးစံ၊ ဦးမင်းကျော်သူ-ဒေါ်အေးအေးမွန်တို့၏ချစ်လှစွာသော အဘွား၊ မောင်ဝေဘုန်းပြည့်၊ မမွန်ကလျာဦး၊ မောင်မင်းသန့်မောင်၊ မောင်မင်းသုမောင်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆရာမကြီး ဒေါ်လှထွေး(အငြိမ်းစား)
### ထားဝယ်မြို့
### အသက် (၉၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်ကွက်၊ မြို့တွင်းလမ်း၊ အမှတ် (၇၆)၊ မောင်မောင်ခိုင်(ခတ်ပုံတိုက်) နေ (ဆရာကြီး ဦးဖိုးချစ်)၏ဇနီး၊ [ဗိုလ်ကြီးတင်မြင့်(ငြိမ်း)-ဒေါ်ညာစိန်]၊ (ဦးဖေမြင့်-ဒေါ်မူမူ)၊ (ဦးစိုးနိုင်)-ဒေါ်တင်တင်ဝင်း၊ (ဦးမင်းလွင်)-ဒေါ်သန်းနွဲ့၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်နီနီ၊ ဦးအောင်ခင်စိုး-ဒေါ်စိုးစိုးလှဲ့၊ (ဦးအေးလေး)-ဒေါ်တင်တင်တို့၏ အစ်မကြီး၊ တူ/တူမ(၂၁)ဦးတို့၏ ချစ်လှစွာသောမေမေကြီးသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဒေါ်ဌေးဌေး
### အသက်(၇၇)နှစ်

တပ်မတော်ဆေးတက္ကသိုလ်၊ ဇီဝဗေဒဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီးပါမောက္ခ ဒေါက်တာဒေါ်ဌေးဌေးသည် ၆-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဇီဝဗေဒဌာန မိသားစု
တပ်မတော်ဆေးတက္ကသိုလ်

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေးသိန်း
### အသက် (၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဌေး (အတွင်းရေးမှူး၊ ငြိမ်း)-ဒေါ်ခင်စန်းမြင့်**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်(၁၀)မြေပေါ်တွင် ဆောက်လုပ်ထားသော ဘောက်ထော်ကွန်ဒိုအိမ်ရာ(၂)ခန်းတွဲ ရှစ်ထပ်ခွဲ တိုက်၏ အဋ္ဌမထပ်၊ Penthouse၊ အခန်းအမှတ်(၈/B)၊ အကျယ်(၁၃၀၀ - စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင် ကိုယ်တိုင်နှင့် (၆-၁၁-၂၀၁၈)ရက်စွဲပါ အရောင်းအဝယ် ငွေပေးကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးကိုကို ၁၂/ရကန(နိုင်)၀၅၇၂၂၇ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက် ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း ဒပ-၁၄၈၄ ဖြင့် ဖြေဆိုအောင်မြင်သည့် မမြတ်နိုးခင်၏ ဦးလုံးနှင့် ဦးခင်မောင်ဝင်း ၁၁/ မပန(နိုင်)၀၆၃၇၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြေပုံမြို့နယ်၊ ငွေတွင်းတူးကျေးရွာနေ ဦးမောင်ဆိတ်နု၏သား အမည်မှန်မှာ ဦးဦးထွန်းရွှေ ၁၁/မပတ(နိုင်)၀၇၁၇၂၅ ဖြစ်ပြီး ၎င်း၏သမီး မမိုးစန္ဒာ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၁-၈-၂၀၀၄ ဖြစ်ပါကြောင်း။

## ဦးနေမျိုးကျော် (B.Sc- Chemistry)
### အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၁)လမ်း၊ အမှတ် (၂၁၁/၁)နေ ဦးကျော်သန်း(ပြည်တွင်းအခွန်-ငြိမ်း)-(ဒေါ်စန်းစန်း)တို့၏သားငယ်၊ ဦးအောင်မျိုးသန့်၊ ဦးညဏ်လင်း(ပြည်တွင်းအခွန်-ငြိမ်း)-ဒေါ်ရွှေယင်းမာ (ပြည်တွင်း အခွန်-ရန်ကင်းမြို့နယ်)တို့၏ညီ၊ မောင်၊ ဒေါ်သက်သက်ထွေး(AGD Bank- ဆူးလေဘဏ်ခွဲ)၏အစ်ကိုသည် ၁၄-၅-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးနေမျိုးကျော် B.Sc(Chemistry)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ ၁၁လမ်း၊ အမှတ် (၂၁၁/၁)နေ ဦးနေမျိုးကျော် B.Sc(Chemistry)သည် ၁၄-၅-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Asia Business Solutions Co.,Ltd**
**Miyako Restaurant**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယရဲမှူးကြီး အောင်ခိုင်(ဦးစီးအရာရှိ ပထမတန်း)
### ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
### အသက် (၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ရဲ ၂၄၅၉ ဒုတိယရဲမှူးကြီး အောင်ခိုင်သည် ၁၅-၅-၂၀၂၂ရက် နံနက် ၈:၅၀ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်
တပ်ဖွဲ့ဝင်၊ မိသားစုများ
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယရဲမှူးကြီး အောင်ခိုင်(ဦးစီးအရာရှိ ပထမတန်း)
### ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
### အသက် (၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ရဲ ၂၄၅၉ ဒုတိယရဲမှူးကြီး အောင်ခိုင်သည် ၁၅-၅-၂၀၂၂ရက် နံနက် ၈:၅၀ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်၊ မိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ စဥ့်အိုးတန်းလမ်း၊ အမှတ် (၁၈)၊ (၈လွှာ)၊ အကျယ်အဝန်းပေ (၁၆x၆၀)ကျယ်ဝန်းသည့်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ပိုင်ရှင်ဖြစ်သူ ဒေါ်ဟိုရှော့ဘိ ၁၂/လသန(ဧည့်)၀၀၁၅၇၆ ထံ သို့ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် (ရုံးချိန်အတွင်း) လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီကျော်**
**(LL.B), (D.B.L), (D.M.L), (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၅၀)**
**ဖုန်း-၀၉-၅၅၀၆၁၄၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက် အမှတ်(၁၂၂၈)၊ အကျယ်အဝန်းပေ (၄၂x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား ဒေါ်စီစီသန်း ၁၂/စခန(နိုင်)၃၃၈၂၈ အမည်ပေါက်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ် တိုက် အဆောက်အအုံ၏ (၄)လွှာ၊ (၃) ထပ် ခေါင်းရင်းခန်း၊ အကျယ်အဝန်း ပေ (၁၉x၅၄)ရှိ တိုက်ခန်းနှင့် ယင်း တိုက်ခန်းတွင် အမြဲတမ်း အသုံးပြုရန်အလို့ငှာ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်စီစီသန်း ၁၂/စခန(နိုင်)၀၃၃၈၂၈ (မြေရှင်ကိုယ်တိုင်)မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ရောင်းဝယ်မှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ် ၃၇၉၊ သစ္စာ ၉လမ်း၊ (၃၉/A)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉- ၇၉၅၆၈၂၉၅၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယရဲမှူးကြီး အောင်ခိုင်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင် ရဲရိပ်သာ၊ ၄၈လမ်းနေ ဒေါ်အိချောစု ၏ချစ်လှစွာသော ခင်ပွန်း ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ရဲ ၂၄၅၉ ဒုတိယရဲမှူးကြီး အောင်ခိုင်သည် ၁၅-၅-၂၀၂၂ရက် နံနက် ၈:၅၀ နာရီတွင် စွယ်တော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယရဲမှူးကြီး အောင်ခိုင်
### အသက်(၅၆)နှစ်

ဒုတိယရဲမှူးကြီး အောင်ခိုင်(ဦးစီးအရာရှိ၊ ပထမတန်း)၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသည် ၁၅-၅-၂၀၂၂ ရက် နံနက် ၈:၅၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်တွင်း ဒုရဲအုပ်လောင်း**
**သင်တန်းအမှတ်စဉ်(၁၆/၉၁)မှ ညီအစ်ကိုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထင်ပေါ်ထွန်း
### အသက်(၅၄)နှစ်

တော်ဝင်လင်းလက် ကေရီ ကုမ္ပဏီလီမိတက်(SRPS)၏ ဒါရိုက်တာအဖွဲ့ဝင် ဗိုလ်ကြီးထင်ပေါ်ထွန်း (ငြိမ်း) D.S.A(30)-တပ်မတော်(ရေ) သည် ၁၅-၅-၂၀၂၂ရက် (စနေနေ့) နံနက် ၇:၃၀နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲ ဖြစ်မိပါသည်။ (ဥက္ကဋ္ဌ ကောင်းရာသုဂတိလားပါစေ)

**ဒါရိုက်တာအဖွဲ့ဝင်များ**
**နှင့်**
**တော်ဝင်လင်းလက်ကေရီ ကုမ္ပဏီလီမိတက်မိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ရင်းချောင်းကျေးရွာနေ မောင်ဦးသိန်းဇော် (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်) ၏ဖခင် ဦးမောင်ထွန်းယဉ်နှင့် မောင်ထွန်းယိုင် ၁၁/ မဥန(နိုင်)၀၅၈၇၄၀ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးကြောင်း

မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဟီးနိုး(ရေကား)ယာဉ်အမှတ် ဆ/၂၄၁၂ ၏ ယာဉ်မှတ်ပုံတင်စာအုပ်မှာ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် လက်ဝယ်ရရှိထားသူများ လာရောက်အပ်နှံပေးပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**မင်းပြားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/5592 Toyota Probox NCP 50, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၂/လသယ(နိုင်)၀၂၈၂၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၀၃၇၊မြေကွက်တည်နေရာ အမှတ် (၁၀၃၇)၊ (၁၆၈/၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးအေးသန်း (PYU-၀၉၂၀၉၃) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးအေးသန်းထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် ဖြင့် ၂၁-၉-၂၀၀၇ ရက်တွင် ဝယ်ယူသူ ဒေါ်သန်းသန်းအေး ၁၂/ဥကတ(နိုင်)၁၂၄၄၆၇ မှ ပါမစ်မူရင်းမှာ အထားအသိုမှားယွင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ ပါမစ်မူရင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊မြေကွက်ပေါ်တွင်လည်း မိမိကိုယ်တိုင် နေထိုင်လျက်ရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်း၊ ပြဿနာပေါ်ပေါက်လာပါက တာဝန်ယူကြောင်း ကျမ်းကျိန်လွှာအမှတ် ၆/၁၇၄၁ (၂၈-၆-၂၀၁၉)ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်၊ စာချုပ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား(ဂရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုး ကျောက်ပြားကာအဆောက်အအုံတစ်လုံးရှိပြီး အိမ်ငှား ဦး ကျော်စိုးလွင် မိသားစုအား အငှားထားရှိပါသည်။ အိမ်ငှားထားရှိခြင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူကြောင်း ဝင်ခံစာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပေါက် ဦးအေးသန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်သန်းသန်းအေးမှ ပါမစ်ပျောက်ဆုံးကြောင်း တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-H)၊ မြေကွက်အမှတ် (၉/A၏ မြောက်ဘက်ခြမ်း)၊ ဧရိယာ ၁ဒသမ ၇၈၁ ဧကရှိ မြူနီစီပယ်ပိုင်မြေ၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ၄၅လမ်းနှင့် ၄၆ လမ်း တို့တွင် တည်ရှိသည့် 45 th Street Complex စီမံကိန်း၏ Tower- B(၇ခန်းတွဲ ၉ထပ်) အဆောက်အအုံ၏ Ground Floor တွင်တည်ရှိ သည့် အခန်းအမှတ် (B-G04)၊ အကျယ်အဝန်း( ၁၂၅၉ စတုရန်းပေ)ခန့်ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို Sae Paing Development Ltd. ထံမှ စာချုပ်အမှတ် ၀၂၉/45 th (B-G04)/၂၀၁၈ )ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်သိန်းမြင့်ဦး ၁၂/အစန(နိုင်)၀၃၀၈၇၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်အိသီရိကြူ LL.B, M.A(Business Law) | ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၈) |
| ဖုန်း- ၀၉- ၄၃၁၆၃၄၀၅ | ဖုန်း- ၀၉-၅၃၀၂၃၂၈ |

အမှတ် (၁၅)၊ မာလာမြိုင်လမ်း၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း စစ်တွေလမ်းရှိ အခန်းအမှတ် ဏ(16/A)ယခင်(ရန်ကုန်-စစ်တွေ)(ကင်းစတားကားဂိတ်)အခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ကားဂိတ်ဖွင့်လှစ်ထားသည့် အခန်းအား ဦးကျော်ဝင်း(ဘ)ဦးလှထွန်း ၁၂/မဂဒ(နိုင်)၀၅၃၇၉၂ က ၎င်း ကိုယ်တိုင် အမည်ပေါက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အခန်းဖြစ်ပါသည်။ ဦးကျော်ဝင်း ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ကျွန်မ ဒေါ်စန္ဒာစိုး(ဘ)ဦးစိုးညွန့် ၁၀/ကမရ(နိုင်)၀၀၅၀၅၃ က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ပြီးဖြစ်၍ အဆိုပါ ကားဂိတ်အခန်းနှင့် ပတ်သက်၍ ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ငန်း လုပ်ကိုင်အသုံး ပြုခြင်း၊ လုပ်ငန်းလုပ်ကိုင်ရန် သက်ဆိုင်ရာဌာနများသို့ လိုင်စင်လျှောက်ထားခြင်း၊ တရားမဝင် အမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ ပြုပြင်ခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲထားခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ကျွန်မ မသိရှိဘဲ တစ်နည်းနည်းဖြင့် စီမံဆောင်ရွက်ထားမှုများ ပြုလုပ်ထားပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာစိုး ၁၀/ကမရ(နိုင်)၀၀၅၀၅၃**
**အမှတ်(၃၁၃)ရှင်စောပု၊ ရပ်ကွက်(၃)၊ ကျိုက်မရောမြို့**

## <u>ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။</u>

၈၇/ဗ/၂ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၊ လူနေရပ်ကွက်အမှတ်- ကံဘဲ့၊ မြေကွက်အမှတ်-၊ ဧရိယာ- ၀. ၁၄၅ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်သန်းသန်း (၁၂/ရကန (နိုင်) ၀၃၈၂၉၂) ၏အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် (၆) ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်ကာ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသည်ဟုဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသော အမည်ပေါက်သူ ဒေါ်သန်းသန်း ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၅/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၅/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၅/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

## အချပ်ပို ၈ မျက်နှာပါရှိ

**၁၆-၅-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်အနက် မြို့နယ် ၉ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းမရှိသည့်အတွက် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သော မြို့နယ်များဖြစ်သည့် ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ် စုစုပေါင်းမြို့နယ် ၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။**

## ကလပ်အသင်း ရှစ်သင်းပါဝင်မည့် အာရှအမျိုးသမီးကလပ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်

**ရန်ကုန် မေ ၁၅**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှအမျိုးသမီးကလပ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသင်းပေါင်းရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် အာရှဒေသတွင်း အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်လျက်ရှိပြီး ကလပ်အသင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန် ဆောင်ရွက်လျက်ရှိကာ အာရှအမျိုးသမီးကလပ်ပြိုင်ပွဲကိုမူ ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိသော်လည်း ယခုနှစ်တွင် ဒုတိယအကြိမ်မြောက်အဖြစ် ပြန်လည် ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲကို အရှေ့အာရှဇုန်မှ ကလပ်လေးသင်း၊ အနောက် အာရှဇုန်မှ ကလပ်လေးသင်းတို့ဖြင့် ကျင်းပရန် စီစဉ်ထားပြီး အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော် အာရှဘောလုံးအဖွဲ့ချုပ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါအပေါ် မူတည်၍ ပြိုင်ပွဲကျင်းပမည့်အစီအစဉ်ကို ထပ်မံအတည်ပြုမည် ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်အုပ်စုတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ) ကလပ်အသင်းများ၊ အနောက်အာရှဇုန်အုပ်စုတွင် ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ အီရန်နှင့် ဂျော်ဒန်လိဂ်ချန်ပီယံအသင်းများ ပါဝင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❑

## ယခုနှစ်နွေရာသီတွင် ဗဟိုခံစစ်ကစားသမား လူးဝစ် အာဆင်နယ်မှ ထွက်ခွာမည်

ဘရာဇီးဗဟိုခံစစ်ကစားသမား ဒေးဗစ် လူးဝစ်သည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် (၃၄နှစ်) အရွယ်ရှိ အဆိုပါဗဟိုခံစစ်ကစားသမားသည် အမ်းမရိတ်၌ နှစ်နှစ်ကြာဖြတ်သန်းထားသူဖြစ်ကာ ယမန် နေ့က အာဆင်နယ်အသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးနောက် အဆိုပါသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

လူးဝစ်သည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၃၀ ကစားခွင့်ရရှိထားသူဖြစ်သည်။ ၎င်းသည် လာမည့်ရာသီတွင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လူးဝစ်သည် ဘင်ဖီကာအသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကစားထားသူဖြစ်သည်။ ထို့အပြင် ပီအက်စ်ဂျီနှင့် ချယ်ဆီးကစားသမားဟောင်း လူးဝစ်သည် ပြီးခဲ့သည့်နှစ်က ဘရာဇီးအားကစားရုပ်မြင်သံကြားတစ်ခုတွင် ၎င်း၏ကစားသမားဘဝကို ဘင်ဖီကာတွင် အဆုံးသတ်လိုကြောင်း

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

## ပူးပေါင်းဆောင်ရွက်မှုနဲ့ အဖြေရှာရမယ့် အိန္ဒိယရဲ့ ကိုဗစ်-၁၉ တစ်ကျော့ပြန် တိုးလာတဲ့ကူးစက်မှု

နိုင်ငံတကာရေးရာ စာ-၁၄



**ကင်ညာနိုင်ငံတွင် ဇွန်လမှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကျော့ထိုးနှံပေးနိုင်တော့မည်** စာ-၁၃

**မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အများပြည်သူပိုင် နေအိမ်အဆောက်အအုံများကို မီးပုလင်း၊ မီးကွင်းများဖြင့် မီးရှို့ဖျက်ဆီး** စာ-၁၈